ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ စနေနေ့၊ (17-2-2007) (၅၂၃၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊အော၊ဆုဖာခတ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်   ဖေဖော်ဝါရီ   ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ကွေလီ၊အော၊ဆုဖာခတ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ် ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက် သတ်မှတ်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နှစ်သစ်ကူး ရုံးပိတ်ရက် သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာရေပက်ဖျန်း ကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန် ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇-၂-၂၀၀၇
(စနေနေ့)

ချင်းပြည်နယ်အကျိုးပြု ဗားရ်တံတားသစ်ဖွင့်လှစ် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်

တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ခြင်းတို့သည် ဒေသ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးထားသည့် လမ်းသစ်၊ တံတားသစ်များစွာတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေသည်။

နိုင်ငံတော်က ချင်းပြည်နယ်အတွင်းတွင် ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် မင်းတပ်-မတူပီ လမ်းမကြီးလေးသွယ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူလျက်ရှိသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ် ကလေး-ဖလမ်း-ဟားခါးလမ်းတွင် မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ပြီးစီးသွားသည့် ဗားရ်တံတားသစ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ဗားရ်တံတားသည် ယခင်က တစ်လမ်းမောင်း ဘေလီတံတားဖြစ်ရာ ယာဉ်သွားလာမှုများပြားလာချိန်၌ ဝန်လေးယာဉ်များ ဖြတ်သန်းရန် အခက်အခဲရှိသဖြင့် တံတားသစ် ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ဗားရ်တံတားသည် အရှည်ပေ ၃၄၀ ရှိသည့် နှစ်လမ်းသွား သံမဏိသံပေါင်တံတားဖြစ်ရာ တန်ချိန် ၆၀ ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ဗားရ်တံတားကို ဖြတ်သန်း၍ ချင်းပြည်နယ် ဟားခါးမြို့မှ တီးတိန်ရိဒ်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှတစ်ဆင့် မန္တလေးတိုင်း၊ မကွေးတိုင်းသို့လည်းကောင်း ရာသီမရွေး လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ယခုအခါ ချင်းပြည်နယ်အတွင်း ဗားရ်တံတားသစ်ကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ကူးသန်းဆက်သွယ်မှု လွယ်ကူလာပြီး တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှုများလည်း တိုးပွားလာမည်ဖြစ်သည်။ ထို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပိုမိုတိုးပွားဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် နိကာယဉ္စောတကသမိတိ နိကာယ် သာသနာတော် ထွန်းကားရေးအသင်းကြီး၏ ငွေရတုပဒေသာပင်၊ စာအောင်ဆုနှင်းပဒေသာပင်၊ ဆွမ်းပဒေသာပင်များအတွက် ဒဂုံမြို့နယ် နဝဒေးလမ်းနေ မိခင်ကြီး ဒေါ်ဝန်တုန်ရင်(ခ)ဒေါ်ကျင်ယုံအား အမှူးထား၍ သား၊ သမီး၊ မြေး၊ မြစ် တစ်စုတို့က အလှူတော် ငွေကျပ်လေးသိန်းကို ပဉ္စနိကာယ ကျောင်းတိုက်မှ ဥဘာတောဝိဘင်္ဂရေ အရှင်နန္ဒိယ(မကွေး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားရာတွင် ၁၃၆၈ ခုနှစ် တပေါင်းလပြည့်နေ့ ၂၀၀၇ခုနှစ် မတ်လ ၂ရက် သောကြာနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခင်နှစ်များကဲ့သို့ပင် ထည်ဝါခမ်းနားစွာ ကျင်းပသွားမည် ဖြစ်ကြောင်း၊ အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားမကျင်းပမီ သံဃာ့အစည်းအဝေးများဖြစ်သည့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးနှင့်နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့အစည်းအဝေးများကို ကျင်းပသွားမည်ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်တို့က လုပ်ငန်းများကို ကြိုတင်စီစဉ် ဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သံဃာ့အစည်းအဝေးများ စီစဉ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်ရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ စီစဉ်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ဆွမ်းကွမ်းဝေယျာဝစ္စ ဆောင်ရွက်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ကြိုဆိုပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ အခမ်းအနားသို့ သံဃာတော်များပင့်ဆောင်ရေး ဆပ်ကော်မတီ၊ လုပ်အားပေးနှင့် တာဝန်ကျဝန်ထမ်းများ ကျွေးမွေးရေး ဆပ်ကော်မတီ၊ လိုဏ်ဂူတော်အတွင်း ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆန်စိမ်းလောင်းလှူရေး ဆပ်ကော်မတီတို့မှ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းလိုအပ်ချက်များကို ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက ဆရာတော် ဦးရေဝတ(ဝါးခယ်မ)သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် (၃)(၁၈) ရပ်ကွက် ရွှေပြည်သာ၊ ၂၀/၂၁ ရက်တွင် ပုသိမ် ကန်ကြီးဒေါင့် ရွှေဘိုသန္တိသုခကျောင်း၊ ၂၂ ရက်တွင် ကံပြောင်ရွာ ကျောက်တန်းမြို့နယ်၊ ၂၃ ရက်တွင် ရှမ်းလမ်းဓမ္မာရုံ စမ်းချောင်း၊ ၂၄၊ ၂၅ ရက်တွင် ကျွဲဒုံးကမ္မဋ္ဌာန်းကျောင်း၊ ၂၆၊ ၂၇၊ ၂၈ ရက်တွင် ပုသိမ်ဒါးကသာယာကွင်းရွာ၊ မတ် ၁ ရက်နှင့် ၂ ရက်တွင် ဒေးဒရဲကွင်းပုန်း ကျေးရွာ၊ ၃၊ ၄၊ ၅ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ အေးရွာ၊ ၆၊ ၇၊ ၈ ရက်တွင် ဝါးခယ်မမြို့နယ် တံခွန်တိုင်ကျေးရွာ တရားမဏ္ဍပ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဟု သိရသည်။ (က-ပ)

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (၁၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ အသင်း ဥက္ကဋ္ဌနှင့် အသင်းဝင် ဆရာဝန်များ၊ စင်ကာပူသမ္မတနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ စာတမ်းဖတ်ပွဲကို အဆိုပါ ဆေးရုံကြီးရှိ ခန်းမဆောင်၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်များက စာတမ်း ၁၇ စောင်ကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

တောင်ဥက္ကလာပ အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၉ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက ကျောင်းသူ၊ကျောင်းသားများအား တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေးအတွက် လက်ကိုဆပ်ပြာတိုက်သန့်စင်ခြင်း အကျိုးကျေးဇူးကို လက်တွေ့ပြသစဉ်။ (၄၃)

နှစ်ပတ်လည်ပြီ ရွှေစေတီ မဟာရဋ္ဌာဘိသာမဂ္ဂီ

ရတနာစည်ဆရာတော်(လွိုင်လင်)

နိုင်ငံတော်၏စေတနာ

“နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ‘ပြည်ထောင်စုကြီးပေါ်ထွန်းလာပြီး မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိလာသည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို အစဉ်အဆက်မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကောင်းမှုကုသိုလ်ပြုပွားပေးသည့်သဘောဖြင့် ပင်လုံဒေသ၌ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပူဇော်လျက် တိုင်းရင်းသားများအားလုံး အစဉ်အမြဲ ကောင်းမှုကုသိုလ် တိုးပွားနေစေရန်’ လမ်းညွှန်ချက်နှင့်အညီ ၂၉-၁၁-၂၀၀၂ရက်၌ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ၁၀-၂-၂၀၀၆ ရက်၌ ရွှေထီးတော်တင်မင်္ဂလာ၊ စိန်ဖူးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက မင်္ဂလာတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့၍ ယနေ့ ၁-၂-၂၀၀၇ ရက်မြတ်သော်မှ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်နေ့ ဖြစ်ပါသည်ဘုရား”

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၏ သာသနာရေးရာ လျှောက်ထားချက်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။

နှစ်ပတ်လည်ဗုဒ္ဓပူဇနိယပွဲတော်နေ့

နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း၌ တည်ထားကိုးကွယ်ပြီးဖြစ်သော အရပ်သားတို့၏နှုတ်ဖျားဝယ်‘ပြည်ထောင်စုဘုရားကြီး’ဟု သုံးနှုန်းနေကြသော စေတီတော်ကြီးကား ပြည်ထောင်စုကျောက်တိုင်ဝင်း အလယ်ဗဟို ၉ပေအမြင့် အဌဂံကုန်းတော်ပေါ်၌ အမြင့်ပေ ၂၀ရှိ အဌဂံပန်းတင်ခုံထက် ဉာဏ်တော် ၁၃၅ပေ အမြင့်ဆောင်သော ရွှေတိဂုံပုံတူ ရွှေစေတီတော်ကြီးအဖြစ် ထီးထီးမားမား ငွားငွားစွင့်စွင့် ပွင့်တော်မူလျက်ရှိသည်မှာ နှစ်တစ်ပတ် လည်ခဲ့ပါပြီ။

ယင်းရွှေစေတီတော်ကြီးကို အနီးကပ်ဖူးမြော်သောအခါ ပွတ်စေတီမျိုးမဟုတ်မူဘဲ လိုဏ်စေတီမျိုးဖြစ်ကြောင်း သိရှိရကာ လိုဏ်အတွင်း ဝင်ရောက်ဖူးမြင်ပါသော် ပေ၄၀ပတ်လည် အတွင်းစင်္ကြံအလွန် အကျယ်ပေ ၁၂၀၊ အမြင့်ပေ ၅၀ပတ်လည်ကို တိုင်တစ်လုံးမျှမခံဘဲ မဟာလိုဏ်သဖွယ် တည်ထားခြင်းဖြစ်ကြောင်း မြင်သိရ၏။ ယင်း မဟာလိုဏ်သည်ပင် ဤရွှေစေတီတော်ကြီး၏မဟာဝိသေသ ဒြပ်ပုံဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးဝယ် နိုင်ငံတော်အဆင့် တည်ထားကိုးကွယ်ပြီးဖြစ်သော စေတီတော်ကြီးအဆူဆူတို့အနက် အကျယ်ပေ ၁၂၀၊ အမြင့်ပေ ၅၀ပတ်လည် လိုဏ်ခုံးကို မဏ္ဍိုင်မခံ၊ တိုင်မခံဘဲ နည်းပညာသစ်အရ ပထမဦးဆုံး တည်ထားကိုးကွယ်အပ်သော စေတီတော်ဖြစ်ပါသည်။

ထို့ကြောင့် မည်သည့်အထောက်အခံမျှမလိုဘဲ အလိုလိုတည်နေသော အမြင့်ဟင်းလင်းပြင် အာကာသကောင်းကင်က ယခုရွှေစေတီတော်ကြီး၏ တိုင်မမှီသော မဟာလိုဏ်ကြီးအား နေ့ညမဟူ ဦးခိုက်ပူဇော်နေသည့်အသွင် ထင်မြင်ကြည်ညို သဒ္ဓါပိုကြရပါသည်။

ယင်းသို့သော အကြောင်းတရားများကို အကြောင်းပြုလျက် ရွှေစေတီတော်ကြီး ရွှေထီးတော်တင်ပြီးသောနေ့မှစ၍ နေ့ညမဟူ ဘုရားဖူးသူများနှင့် စည်ကားလျက်ရှိခဲ့သည်မှာ နှစ်တစ်ပတ် လည်ခဲ့ပါပြီ။ ဤတစ်နှစ်တာကာလအတွင်း ဤရွှေစေတီတော်ကြီးကို ယာဉ်ဖြင့်ဖြတ်သန်း သွားလာသူများပင်လျှင် ယာဉ်ပေါ်မှနေ၍ လှမ်းမျှော်ဖူးမြင်ရသည့် တဒင်္ဂဝယ်‘ဒဿနာနုတ္တရိယ’ဟု ဆိုအပ်သည့် အမြတ်ဆုံးမြင်ကွင်း ရင်တွင်းရိုက်ခတ်ခိုက် မြင့်မြတ်ကုသိုလ်ဇော ဖြောဖြောဖြိုင်ဖြိုင် စောသွားနိုင်ရုံမျှဖြင့် ကောင်းကျိုးဖလ အဝ မုချရရှိပြီး ဖြစ်လေပြီ။ နိစ္စဗတ်ကုသိုလ်ဖြင့် ရွှေစေတီတော်ကို ကြည်ညိုပူဇော်ခွင့် နေ့စဉ်ရရှိနေသူ ပင်လုံသားတို့အတွက်ကား ဘာများပြောဖို့ လိုပါတော့မည်နည်း။

ဤသည်ပင် နိုင်ငံတော်၏ စေတနာဖြစ်ပါ၏။ နိုင်ငံသားအားလုံး လောကီကောင်းကျိုးသာမက လောကုတ္တရာကောင်းကျိုးပါ ဖြိုးဖြိုးဖြိုင်ဖြိုင် ပိုင်ပိုင်မိမိ ရရှိတိုးပွားစေလိုသော နိုင်ငံတော်၏စေတနာဓော ဖြစ်ပါ၏။ နိုင်ငံတော်၏ စေတနာအလင်းပွင့်များ ပါပင်။

နိုင်ငံတော်၏ စေတနာအလင်းပွင့်များ

နိုင်ငံတော်၏ စေတနာအလင်းပွင့်များကား အဆုပ်လိုက်၊ အခိုင်လိုက်ပင်ဖြစ်လျက် ရှိတော့၏။ ကြည့်ပါ။ ပြည်ထောင်စုကြီးတစ်ခုလုံး အတိုင်းအတာအားဖြင့် တည်ရှိခဲ့ပြီးဖြစ်၍ ယိုယွင်းလျက်ရှိသော စေတီ၊ ပုထိုးဟောင်းများကိုလည်း ရှေးဟောင်းအမွေအနှစ်အဖြစ် အသစ်တစ်ဖန်ဘက်စုံ ပြုပြင်မွမ်းမံတည်ထား ကိုးကွယ်လျက်ရှိသကဲ့သို့ တည်ထားရန်လိုအပ်နေသည့် နေရာဒေသများ၌လည်း အသစ်တည်ထားကိုးကွယ်ပူဇော်ခြင်းများကို တပ်မတော်အစိုးရက စိတ်ထားဖြူစင်စွာ ‘ကုသလသဥပသမ္ပဒါ’ အစဉ်အလာမပျက် ဆောင်ရွက်ပေးလျက် ရှိနေ၏။

ယင်းအပြင် ပရိယတ္တိကဏ္ဍ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဘိဓမ္မာ စာမေးပွဲများ၊ ပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများ၊ နိကာယ်ငါးရပ် စာမေးပွဲများ၊ တိပိဋက စာမေးပွဲများအထိ နှစ်စဉ်မပျက်ကျင်းပပေးလျက်ရှိသလို ခေတ်နှင့်အညီ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး) ‘သာသနာတော်၏ အစဉ်အမြဲခေတ်မီနေပုံ’ အလေးထားသင်ကြား ပို့ချပေးမှု၊ ထို့အတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို အသစ်ဖွင့်လှစ်ပေးပြီး ကမ္ဘာသို့ သာသနာဖြန့်ဝေပေးနေမှုများကြောင့် ထေရဝါဒ ငါးနိုင်ငံထဲမှာ မြန်မာနိုင်ငံသည် အမှတ်စဉ်(၁) ထိပ်ဆုံးဝယ် ဘုန်းသမ္ဘာကြီးမားစွာ တည်ရှိလာနေလေပြီ။

ဤတွင် ဗုဒ္ဓဘာသာ၏ ဦးစီးရှေ့ဆောင်အရာ၌ တည်ရှိနေကြသည့် ဘုန်းကံကြီးမားတော်မူကြသော ဆရာတော်ကြီးများနှင့် သာသနာတော်အား တက်ကြွားကြွကြွ ပသန္နဖြင့် နိစ္စကြွံကြွံထောက်ပံ့လှူဒါန်းလျက်ရှိကြသောနိုင်ငံသားများ၏ ပေါင်းစည်းကြိုးပမ်းမှုများအရ သကျသီဟ စာမေးပွဲ၊ စေတိယင်္ဂဏ စာမေးပွဲ၊ တောင်ကြီး-သာမဏေကျော်စာမေးပွဲ၊ ညောင်ရွှေ-ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ၊ ပင်လုံ-သဒ္ဓမ္မပါလ စာမေးပွဲ၊ မော်လမြိုင်-မော်ကျွန်း-ကွမ်းခြံကုန်း ဝိနယာဒိနုဂ္ဂဟ စာမေးပွဲများအပါအဝင် မြို့နယ်အလိုက် ဓမ္မဂုဏ်ရည်မြှင့် ပညာရေးစာမေးပွဲများ ကျင်းပလျက်ရှိကြပုံကို မှတ်တမ်းတင်ရမည် ဖြစ်သကဲ့သို့ အထူးသဖြင့် ဘုန်းရှင် ကံရှင် သမ္ဘာရှင် အရှင်ဉာဏိဿရ(သီတဂူဆရာတော်ကြီး)၏ စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကိုလည်း မခြွင်းမချန် မှတ်တမ်းတင်ရမည်သာ ဖြစ်၏။

တစ်ဖန် ပဋိပတ္တိကဏ္ဍ၌ သောကပရိဒေဝတို့ မုချချုပ်ငြိမ်းဓာတ်သိမ်းရာမြတ်နိဗ္ဗာန်အရောက် တောက်လျှောက်ညွှန်ပြထားသည့် မဟာသတိပဋ္ဌာန် ဝိပဿနာလမ်းကြီးကလည်း ဤမြန်မာနိုင်ငံဝယ် မဟာရွှေလမ်းမတော်ကြီးအဖြစ် မညစ်မနွမ်း တည်ရှိမြဲတည်ရှိနေသည်သာ ဖြစ်၏။ သည်လမ်းမဟာ၌ လျှောက်ကြည့်ရင်း ရင်တွင်းအငြိမ်းဓာတ် ရိုက်ခတ်ခံစားရသူ နိုင်ငံတကာသားတို့သည်ပင် အမြောက်အမြား ပေါ်ထွက်လာနေချေပြီ။ ယင်းသို့သော အကြောင်းတရားပေါင်းများစွာတို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာဟု ဟစ်ကြွေးလာနိုင်နေချေပြီ။ ယင်းသည်ပင်လျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းခြင်း ပြယုဂ်၊ နိုင်ငံသားများ စီးပွားဥစ္စာမခြောက်ကပ်ခြင်း ရုပ်သွင်ဖြစ်တော့၏။ တစ်ကျော့ထပ်ပြောရလျှင် ယင်းသည်ပင် နိုင်ငံတော်၏ စေတနာအလင်းပွင့်များ ဖြစ်တော့၏။

အလင်းပွင့်များ၏ အလင်းပွင့်များ

တပ်မတော်အစိုးရ၏ စေတနာအလင်းပွင့်များမှတစ်ဆင့် ဓာတုကူးစက်မှု သဘာဝအရ ပြည်သူတို့၏ စေတနာအလင်းပွင့်များပါ ဝဲဝင့်လွင့်ပျံ့ခြင်း သာဓကတစ်ရပ်အဖြစ် မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီ နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ညွှန်းဆိုနိုင်ပါ၏။

ကြည့်ပါ။ မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီနှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့ ဦးဆောင်ကာကျင်းပကြတော့မည်ဟု ကြားသိကြရ ကတည်းကပင် လွိုင်လင်မြို့နှင့်ပင်လုံမြို့တို့မှ ဒေသခံ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ခနု၊ အင်းသား စသော တိုင်းရင်းသားတို့၏ ရင်ဝယ် မိမိတို့တတ်အားသမျှ ပေါင်းစည်းပါဝင်ကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ထားသောအလား ပွဲတော်ကြီးနေ့တွင် ဆရာတော် သံဃာတော်(၁၀၈)ပါးတို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထု၊ နဝကမ္မ လောင်းလှူရာ၌ ပါဝင်လောင်းလှူကြသည်မှာ စေတီတော်ကြီး၏ ရင်ပြင်တော်အပြည့် ဖြစ်ပါသည်။

ပွဲတော်ကြီးနေ့ နံနက်ပိုင်းတွင် လွိုင်လင်နှင့် ပင်လုံတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရပ်ဘက် စေတနာရှင်များ စေတီတော်သို့ ရောက်ရှိနေရာယူကြ၏။ တောင်ကြီး-လွိုင်လင်- ပင်လုံတို့မှ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သံဃနာယကဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်ပေါင်း (၁၀၈)ပါးတို့အား စေတီတော် မဟာလိုဏ်အတွင်း ပင့်ဆောင်ပြီးသည်နှင့် မကြာမတင်မှာပင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်သော တိုင်းအဆင့် အကြီးအကဲများ၊ တောင်ကြီးမြို့မှ ရောက်ရှိလာကြကာ ဆရာတော် သံဃာတော်တို့အား ဂါရဝပြုပြီးနောက် မဟာလိုဏ်အတွင်း စံပယ်လျက်ရှိပါသော ရုပ်ပွားတော်မြတ် (ရှစ်)ဆူအား ရွှေကြာသင်္ကန်း ဆက်ကပ်ပြီးသော် သံဃာတော် (၁၀၈)ပါးတို့က အနေကဇာတင်တော်မူကြပါသည်။

ထို့နောက် အခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပပြီး ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနား အောင်မြင် ပြီးမြောက်ပါသည်။

အခမ်းအနား အောင်မြင်ပြီးမြောက်သောအခါ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်း၊ ထီး၊ ဖိနပ်၊ ပရိက္ခရာခြင်း တစ်ခြင်းစီကို သံဃာတော် တစ်ပါးစီအား ဆက်ကပ်လှူဒါန်းပြီးသော် တစ်ဆက်တည်း မဟာလိုဏ်အတွင်းမှာပင် နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် စေတီတော်ရင်ပြင်ဝယ် တိုင်းမှူးနှင့်ဇနီး ဦးဆောင်လျက် လွိုင်လင်-ပင်လုံမြို့ခံ စေတနာရှင်များက သံဃာတော်(၁၀၈)ပါးတို့အား ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မ လောင်းလှူကြသည်။

“မဟာရဋ္ဌာဘိသာမဂ္ဂီ= မဟာရဋ္ဌ+အဘိသာမဂ္ဂီ=ပြည်ထောင်စုကြီး၏+ထူးကဲသော စည်းလုံးညီညွတ်ခြင်း”ဟူသည့် အနွတ္ထဘွဲ့ နာမတော်နှင့် လျော်ညီစွာပင် နှစ်ပတ်လည် ဗုဒ္ဓပူဇနိယပွဲတော်ပုံရိပ်၌ ဒေသခံ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ခနု၊ အင်းသား တိုင်းရင်းသား စေတနာရှင်များ၏ ရုပ်သွင်ဟပ်ထင် ပေါ်လွင်နေခြင်းသည် စည်းလုံးခြင်း အလင်းပွင့်များပင် ဖြစ်တော့၏။

စည်းလုံးခြင်းအလင်းပွင့်များနှင့်အတူ ထွန်းပြူတောက်ပလာနေသော ဒေသဖွံ့ဖြိုးတိုးတက်မှုများစွာတို့ အနက် လက်တစ်ကမ်း မှတ်တမ်းပြုရလျှင် ဤမဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီတော် စံပျော်ရာ ဤဒေသတစ်ခွင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့၌ ခရိုင်ချင်းဆက် လမ်းမကြီးများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာတက္ကသိုလ်၊ အစိုးရကွန်ပျူတာ တက္ကသိုလ်၊ နယ်စပ်ဒေသ လူငယ်ဖွံ့ဖြိုးရေးကျောင်းများအပြင် ခုတင်(၂၀၀) အထူးကုဆေးရုံကြီး၊ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း၊ လင်းခေးမြစ်ရေတင်စီမံကိန်း၊ ဝမ်ပုံဆည်၊ ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းများနှင့်တကွ ထပ်ဆင့်ရုပ်သံလွှင့်စက်ရုံ၊ နေ့ချင်းရောက် သတင်းစာများ၊ ကျေးလက် စာကြည့်တိုက်များ၊ စံပြကျေးရွာများ အလျှိုအလျှို မိုမိုမောက်မောက် ထွန်းတောက်လျက် ရှိနေလေပြီ။

လွိုင်လင်မြို့နှင့် ပင်လုံမြို့ကြား ခြောက်မိုင်ရှည် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ကျေးရွာများမှာ ယခင်ကာလများတုန်းက သက်ကယ်မိုး၊ ဝါးထရံကာများဖြင့်သာ ခပ်ငုံ့ငုံ့ တည်ရှိနေခဲ့ရာမှ ယခုသော် နှစ်ထပ်၊ နှစ်လွှာ အုတ်ကာ၊ သွပ်မိုး၊ ခပ်ဖြိုးဖြိုး ခပ်ကြော့ကြော့ ခပ်မော့မော့တည်ရှိလာနေလေပြီ။ တီဗွီနှင့်အောက်စက် အိမ်မိုးအထက်မှာ စလောင်း ကောင်းကောင်းကြီး သုံးစွဲလာနိုင်ကြပြီ။ အားလပ်ချိန်တွေမှာ သုတရှာ စာပေဖတ်စာတတ်ပေတတ်တွေ ပိုမိုထွန်းကားလာလေပြီ။ စိုက်ပျိုးရေးဖြစ်ထွန်းလာသလောက် ဥစ္စာတွေမိုမောက် သဒ္ဓါတရားတွေပိုတောက် ကျောင်းကန်ဘုရားမှာ တရားရေသောက် နိဗ္ဗာန်သို့ လမ်းပေါက်နေလေပြီ။

ဤသို့ ဤပုံ ဤပြည်ထောင်စုမြန်မာနိုင်ငံ၌ ဤတပ်မတော်အစိုးရလက်ထက်ရောက်မှသာ မကြုံစဖူး ထူးကဲတင့်မောစွာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ နိုင်ငံလုံးခြုံ ဖြစ်ထွန်းလာပြီး နယ်စပ်ဒေသခံများ၊ ကျေးလက်ဒေသခံများအထိ အကျိုးရလဒ်ကောင်းတွေ ထွေးပွေ့ကြည်နူးနေကြရပေရာ ယင်းအလင်းပွင့်များကိုမူ ဘယ်သူ့အခြွေမျှ မခံနိုင်ကြပါ။

အလင်းပွင့်တွေ အခြွေမခံ

အလင်းပွင့်ခြွေ လုပ်ရပ်များအဖြစ် အနောက်နိုင်ငံ နှစ်နိုင်ငံက မြန်မာနိုင်ငံအပေါ် မတော်မတရားစွပ်စွဲချက်များဖြင့် ကုလသမဂ္ဂအထိ အတင်းအဓမ္မ မျက်နှာပြောင်တိုက် တင်သွင်းမှု ယခုဤဆောင်းပါး ရေးနေဆဲမှာပင် ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့(CSW)က မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်မှုများကို လတ်တလော ကြားသိနေကြရ၏။ ယင်းအလင်းပွင့်ခြွေ လုပ်ရပ်များနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချကာ အလင်းပွင့်ခြွေလက်ကို ခပ်ဆတ်ဆတ် ရိုက်ချပေးခဲ့ကြသလို ဒုတိယဖြစ်စဉ်၌လည်း မြန်မာနိုင်ငံအတွင်းရှိမြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း၊ အိုလမာအစ္စလာမ် သာသနာ့ ပညာရှင်များအဖွဲ့ချုပ်၊ အစ္စလာမ်သာသနာ့ရေးရာကောင်စီ ဌာနချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ-မွတ်စလင်လူငယ်များ(ဘာသာရေး)အဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် စသည်တို့က အလင်းပွင့်ခြွေတံချူကို ဓားထက်ထက်ဖြင့် ဖြတ်ချလိုက်လေပြီ။

ဤမြန်မာနိုင်ငံသားတို့ကား လူမျိုးမရွေး၊ ဘာသာမရွေး တပ်မတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဘာသာ သာသနာ ညီမျှစွာအကျိုးပြုလျက်ရှိသည့် အမွန်အမြတ်တို့၏ ကောင်းကျိုးရလဒ်များကို ကိုယ်တွေ့ခံစားနေကြရသူများဖြစ်သည်နှင့်အညီ ထိုထို အပွင့်ခြွေလက်တွေကို တားဆီးတုံ့ပြန်နေကြမည်မှာ မလွှဲမသွေ ဧကန်မုချ ဖြစ်လေ၏။

မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီစံပျော်ရာ ပင်လုံမြေ၌ပင် လဲချားမြို့ဘက် အထွက်လမ်းတွင်တည်ရှိသော ခရစ်ယာန်ကျောင်းသည် ယခုတပ်မတော်အစိုးရ လက်ထက်ရောက်မှ အုတ်ကာ၊ သွပ်မိုး ခပ်ဖြိုးဖြိုး တည်ရှိလာနိုင်၏။ ထို့အတူ လွိုင်လင်မြို့အဝ၌ တည်ရှိသော ခရစ်ယာန်ကျောင်းသည်လည်း ထိုနည်းငှင်းသာ ဖြစ်၏။ တပ်မတော် အစိုးရသည် မြန်မာနိုင်ငံ၌ မိမိယုံကြည်ရာ ကိုးကွယ်ခွင့်ကို အပြည့်အဝ ပေးထားသည်မှာ အမှန်ပင်ဖြစ်၏။ ဥပဒေဘောင်အတွင်း၌ မိမိယုံကြည်ရာ ဘာသာတရားအကျိုးကို လွတ်လပ်စွာသယ်ပိုးနိုင်သည်မှာ အမှန်ပင်ဖြစ်၏။ ထို့ကြောင့် ဘာသာရေးအလင်းပွင့်တွေ၊ လူမှုရေးအလင်းပွင့်တွေ၊ စီးပွားရေး အလင်းပွင့်တွေ၊ အလင်းပွင့်တွေ အခြွေမခံနိုင်ကြသည်မှာ နိုင်ငံသားအားလုံးတို့၏ သန္နိဋ္ဌာန် ဖြစ်ပါတော့သည်။

ဘယ်သူခွဲခွဲ ဘယ်မကွဲ၊ ဘယ်သူဖျက်ဖျက် ဘယ်မပျက်၊ ဘယ်သူဖွဲ့ဖွဲ့ ဘယ်မပဲ့၊ ဘယ်သူနှောက်နှောက် ဘယ်မနှောက်၊ ဘယ်သူဖိဖိ ဘယ်မပိ၊ ဘယ်သူခြွေခြွေ ဘယ်မကြွေဟူသည် စည်းလုံးညီညွတ်ခြင်းပင်ဖြစ်၏။ သာမဂ္ဂီစိတ်ထားပင်ဖြစ်၏။

တိုင်းရင်းသားအားလုံးတို့၏ထူးကဲသော စည်းလုံးညီညွတ်မှု ဒြပ်ပုံဖြစ်သည့် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် နှစ်ပတ်လည်နေ့မှစ၍ ရှေ့အနာဂတ်ကာလ တစ်လျှောက်လုံး စည်းလုံးညီညီ သာမဂ္ဂီ ကမ္ဘာတည်သရွေ့ တည်စေသတည်း။ ။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ကုန်ပဒေသာ ဆိုင်တစ်ဆိုင်၌ တရုတ်နှစ်သစ်ကူး အခမ်းအနားအတွက် ပြင်ဆင်ထားသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်လေတပ်စခန်းတိုးချဲ့မည့် အစီအစဉ် အီတလီပြည်သူများ တစ်ခဲနက်ကန့်ကွက်ဆန္ဒပြမည်

ရောမ ဖေဖော်ဝါရီ ၁၆

အီတလီနိုင်ငံ အရှေ့မြောက်ပိုင်း ဗိုက်ဆင်ဇာမြို့ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းအား တိုးချဲ့ဖွင့်လှစ်မည့် အစီအစဉ်ကို ဒေသခံပြည်သူ သောင်းပေါင်းများစွာက ကန့်ကွက်ဆန္ဒပြကြမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ၁၇ရက်တွင် ကျင်းပမည့် ဆန္ဒပြပွဲတွင် ပြည်သူများက အင်တိုက်အားတိုက် ပါဝင်မည်ဖြစ်ကြောင်း၊ ဆန္ဒပြသူ ၅၀၀၀၀ ရှိနိုင်ကြောင်း ငြိမ်းချမ်းရေးလှုပ်ရှားသူ သီယာဂါဒယ်လင်က ပြောကြားသည်။ အမေရိကန်သံရုံးကမူ ဆန္ဒပြသူဦးရေ ၇၀၀၀၀ အထိရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အီတလီနိုင်ငံ၏ ယခင်ဝန်ကြီးချုပ် ဆယ်လ်ဗီယိုဘာလူစကွန်နီက အမေရိကန်လေတပ်စခန်း တိုးချဲ့ဖွင့်လှစ်ခွင့်ပေးရန် ကတိပြုခဲ့သည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန် အီတလီ ဝန်ကြီးချုပ် ရိုမာနိုပရိုဒီက လွန်ခဲ့သည့်လတွင် ဆုံးဖြတ်ခဲ့သည်။ ပရိုဒီ၏ဆုံးဖြတ်ချက်ကို ၎င်း၏ ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

အီတလီနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၇၅၀ ရှိပြီး လေတပ်အခြေစိုက်စခန်း တိုးချဲ့နိုင်ရန် စစ်လေယာဉ်ကွင်းဟောင်းတစ်ခုကို အမေရိကန်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ဗိုက်ဆင်ဇာမြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလကလည်း ငြိမ်းချမ်းရေးလှုပ်ရှားသူ ၂၀၀၀၀ ထက်မနည်းက ဆန္ဒပြခဲ့ကြသည်။ ***အင်တာနက်။***

မှိုနားတို မှန်မှန်စားသုံးခြင်းဖြင့် ကင်ဆာရောဂါကို တားဆီးနိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၆

မှိုနားတိုပင်ကို မှန်မှန်စားသုံးခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားလာမည့် အန္တရာယ်ကို ကာကွယ်နိုင်စရာအကြောင်းရှိသည်ဆိုသော အချက်ကို သိပ္ပံလေ့လာချက်အရ သိရှိရသည်။

အာလ်တောတက္ကသိုလ်က ပြုလုပ်ခဲ့သော စူးစမ်းမှုအရ အထက်ပါအချက်ကို ဖော်ထုတ်တွေ့ရှိခြင်းဖြစ်သည်။ မျိုးဗီဇ ဒီအင်အေဆဲလ် (DNA) များကို သွေးဖြူဥများက ဖျက်ဆီးသည်။ ဤဖြစ်စဉ်သည် ကင်ဆာဆဲလ်များကို ပွားများစေသည့်အရေးပါသော ဖြစ်စဉ်ဖြစ်သည်။ မှိုနားတိုပင်တွင် ပါဝင်သော ဓာတ်ပစ္စည်းက ကင်ဆာဆဲလ်များ ပွားများစေသည့် ဖြစ်စဉ်ကို တားဆီးပေးကြောင်း တွေ့ရသည်ဟုဆိုသည်။

ဖော်ပြပါလေ့လာချက်များကို မှိုနားတိုလေ့လာရေးအသင်း၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်များကို အမေရိကန်အာဟာရပညာဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုဂျာနယ်၌ ဖော်ပြသော ဆေးပညာဆောင်းပါးများကို ပုံနှိပ်ဖော်ပြခြင်း မပြုမီ အခြားသိပ္ပံပညာရှင်များက လေ့လာစိစစ်မှုပြုလုပ်သည်။ ထို့နောက်တွင်မှသာ ပုံနှိပ်ဖော်ပြခြင်းဖြစ်ကြောင်း သိရသည်။

မှိုနားတိုနှင့် ပတ်သက်၍ လေ့လာသုတေသနပြုလုပ်ရာတွင် ကျန်းမာသူ လူ ၆၀ ၏ အကူအညီကို ရယူခဲ့သည်။ ၎င်းတို့အနက် လူ ၃၀မှာ ဆေးလိပ်သောက်သူများဖြစ်သည်။ အစမ်းသပ်ခံသူအားလုံးကို သီတင်း ရှစ်ပတ်ကြာမျှ နေ့စဉ် မှိုနားတို ၈၅ ဂရမ်စီစားသုံးစေသည်။

ဤလေ့လာချက်အရ သုတေသီများသည် အစမ်းသပ်ခံသူများ၏ မျိုးဗီဇဆဲလ်များကို စိစစ်ကြည့်ရာ DNA ပျက်စီးမှုသည် ၂၂ ရာခိုင်နှုန်း လျော့ကျနေသည်ကို တွေ့ရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံ မြေအောက်ရထားဘူတာရုံတစ်ရုံတွင် ခရီးသည်များအား ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဥမင်လိုဏ်ခေါင်းအတွင်း ရထားမီးလောင်

ဟောင်ကောင် ဖေဖော်ဝါရီ ၁၅

ဟောင်ကောင်ဒေသ အနောက်ပိုင်းရှိ ဥမင်လိုဏ်ခေါင်းအတိုင်း မောင်းနှင်လာသည့် ရထားတစ်စင်းပေါ်၌ ဗုဒ္ဓဟူးနေ့ နံနက်က မီးလောင်သဖြင့် ခရီးသည် ၁၀၀၀ ကျော်တို့ကို ရွှေ့ပြောင်းပေးလိုက်ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ရထားသည် တင်ရှုအီဝေဘူတာမှ မေဖူးဘူတာသို့ ဦးတည်ခုတ်မောင်းလာခဲ့ပြီး နံနက် ၉ နာရီခန့်တွင် တိုင်လမ်ဥမင်လိုဏ်ခေါင်းအတွင်း မတော်တဆ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ခရီးသည်အချို့က ကျယ်လောင်သည့် ပေါက်ကွဲသံကြီးကြားရပြီးနောက် ရထားတစ်တွဲမှ မီးခိုးလုံးကြီးများ ပေါ်ထွက်နေသည်ကို မြင်ရသည်ဟု ပြောကြားကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများက ဝေလငါးဖမ်းဆီးမှုအား ကန့်ကွက်ဆန္ဒပြနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေး၌ မီဒီယာလုပ်ငန်းများ ပါဝင်လှုပ်ရှား

ကိုင်ရို ဖေဖော်ဝါရီ ၁၅

ကြက်ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွင် ကမ္ဘာ့မီဒီယာလုပ်ငန်းများက ပိုမိုပါဝင်လှုပ်ရှားကြရန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် အင်္ဂါနေ့က ကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးညီလာခံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က တိုက်တွန်းလိုက်သည်။

မီဒီယာသတင်းဌာနများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ တော်တည့်မှန်ကန်သည့်သတင်းပေးကာ ပြည်သူများ အသိအမြင်ကြွယ်ဝရေးအတွက် ကြိုးပမ်းရန် ဒဗလျူအိပ်ချ်အိုဒေသဆိုင်ရာ မီဒီယာအကြံပေးပုဂ္ဂိုလ် အယ်လ်–ကာဒီနီက ပြောကြားသည်။ မိမိတို့အနေဖြင့် သတိတရားရှိပြီး အသိကြွယ်ဝမှုရှိရန်သာ လိုလားပြီး ကြောက်ရွံ့မှုကိုမလိုလားဟု ၎င်းကပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှု ထိန်းချုပ်ရန်အတွက် နိုင်ငံများ ညှိနှိုင်းဆက်သွယ်လုပ်ကိုင်မှုသည် အရေးပါသည့် လက်နက်တစ်ခုဖြစ်သည်ဟု ဒဗလျူအိပ်ချ်အို အရှေ့မြေထဲပင်လယ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဂီဇိုင်ရီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စက္ကူလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်မြှင့်တင်မည်

ဟနွိုင်း ဖေဖော်ဝါရီ ၁၅

ဗီယက်နမ်နိုင်ငံ၏ စက်မှုလုပ်ငန်း စီမံကိန်းတစ်ရပ်အဖြစ် ယခုအချိန်မှ ၂၀၂၀ ပြည့်နှစ်အထိ စက္ကူနှင့်ပျော့ဖတ်လုပ်ငန်းတွင် ဗီယက်နမ်ဒေါင်ငွေ ၆၅ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအမည်ရှိ သတင်းစာက ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖော်ပြသည်။

စက္ကူနှင့်ပျော့ဖတ် စက်ရုံများ တည်ဆောက်ရာတွင် ဗီယက်နမ်ဒေါင်ငွေ ၈၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ)ကို လည်းကောင်း၊ သစ်တောစိုက်ခင်းများထူထောင်ရာတွင် ဗီယက်နမ်ဒေါင်ငွေ ၇ ဒသမ ၉ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄၉၄ သန်း)ကို လည်းကောင်း ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘာနားမားသတင်းဌာနရုံးခွဲ ဒူဘိုင်း၌ ဖွင့်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၅

မလေးရှားနိုင်ငံပိုင် ဘာနားမားသတင်းအေဂျင်စီသည် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းမြို့တွင် ဗုဒ္ဓဟူးနေ့က ရုံးခွဲဖွင့်လှစ်လိုက်ကြောင်း၊ အာရပ်ကမ္ဘာတွင် သတင်းဌာနရုံးခွဲ ဖွင့်လှစ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း မလေးရှားပြန်ကြားရေးဝန်ကြီး ဇိန်နူဒင်မေဒင်က ပြောကြားသည်။

မလေးရှားနိုင်ငံသည် အာရပ်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်၌ ဂိုဏ်းဂဏတိုက်ခိုက်မှု အဆုံးသတ်ရန်လိုဟုပြောကြား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ဖြစ်ပွားနေသည့် ဂိုဏ်းဂဏ တိုက်ခိုက်မှုများကို နှိမ်နင်းမှု အောင်မြင်မှုမရပါက အီရတ်နိုင်ငံတွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ကြောင်း အီရတ်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ တပ်မှူးသစ်ဖြစ်သူ ဗိုလ်ချုပ်ကြီးဒေးဗစ်ပီထရူးစ်က ကြာသပတေးနေ့တွင်ပြောကြားသည်။ အီရတ်သို့ နောက်ထပ်တပ်ဖွဲ့ဝင် စေလွှတ်မှုသည် ကောင်းမွန်ပြီး အောင်မြင်မှု အလားအလာမှာလည်း ကောင်းမွန်ကြောင်း၊ သို့ရာတွင် ဂိုဏ်းဂဏပဋိပက္ခ အဆုံးသတ်စေရန် ဆောင်ရွက်နိုင်ခြင်းမရှိပါက အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်ကာ ပြည်သူ ပြည်သား အချင်းချင်း တိုက်ခိုက်မှုရှိနေဦးမည်ဖြစ်ကြောင်း ဒေးဗစ်ပီထရူးစ်က ပြောကြားသည်။

ယင်းသို့သော တိုက်ခိုက်မှုများအတွက် ပေးဆပ်ရသည့် တန်ဖိုးသည် ကြီးမား လှသည်ဟု ဘဂ္ဂဒက်လေဆိပ် အနီးရှိ အမေရိကန်အခြေစိုက်စခန်းတွင် ပြုလုပ်သည့် အခမ်းအနားတစ်ရပ်တွင် ၎င်းကပြောကြားသည်။ အီရတ်နိုင်ငံ၏ အခြေအနေသည် သေရေးရှင်ရေးတမျှ အရေးကြီးကြောင်း၊ သို့ရာတွင် မျှော်လင့်ချက်ကင်းမဲ့သည်မဟုတ်ကြောင်း ၎င်းက အမေရိကန် အထက်လွှတ်တော် အမတ်များအား ဇန်နဝါရီလအတွင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရာမာဒီတွင် ဗုံးပေါက်ကွဲ ၁၅ဦးသေဆုံး၊ ၂၅ဦးဒဏ်ရာရ

ရာမာဒီ(အီရတ်) ဖေဖော်ဝါရီ ၁၆

အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက် အနောက်တောင်ပိုင်းဒေသရှိ ရာမာဒီ မြို့အနီးမှရဲစခန်းတွင်ဗုဒ္ဓဟူးနေ့နှောင်းပိုင်း အချိန်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူ၁၅ဦးသေဆုံးပြီး အခြားလူ ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲသတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဗုံးခွဲသူတစ်ဦးက ပေါက်ကွဲစရာ ပစ္စည်းများ တင်ဆောင်ထားသော ကားဖြင့် ရဲစခန်းကို တိုက်ခိုက်ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်ဆိပ်ကမ်းအတွက် လျှပ်စစ်ဓာတ်အား အီရန်မှ ဝယ်ယူမည်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၅

ပါကစ္စတန်နိုင်ငံ ဂွါဒါဆိပ်ကမ်းတွင် အသုံးပြုရန်အတွက် အီရန်နိုင်ငံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ဝယ်ယူရန် ပါကစ္စတန်နိုင်ငံ ရေနှင့်စွမ်းအင်ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (ဒဗလျူအေပီဒီအေ)နှင့် အီရန်ကုမ္ပဏီတို့ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ကြာသပတေးနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ သဘောတူချက်အရ အီရန်နိုင်ငံသည် ဂွါဒါဆိပ်ကမ်းသို့ ၂၀၀၉ ခုနှစ် ဇန်နဝါရီမှစ၍ ဓာတ်အားပို့လွှတ်ပေးမည်ဖြစ်သည်။

ဂွါဒါပင်လယ်နက် ဆိပ်ကမ်းကို ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က မတ်လတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး၊ ဂွါဒါမြို့တွင် လေဆိပ်အသစ်နှင့် စက်မှုဇုန်တို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ဂွါဒါဆိပ်ကမ်းသည် အနောက်တောင်အာရှဒေသတွင် မဟာဗျူဟာ အရအရေးပါသောဆိပ်ကမ်းဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကက်အဇစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနက် ဗြိတိသျှကလေးများအနွမ်းပါးဆုံး

လန်ဒန် ဖေဖော်ဝါရီ ၁၅

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနက် ဗြိတိန်နိုင်ငံရှိ ကလေးငယ်များသည် အနွမ်းပါးဆုံးဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့(ယူနီဆက်)က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့် ၂၁နိုင်ငံမှ ကလေးငယ်များ၏ အခြေအနေကို ဖော်ပြပါအဖွဲ့က လေ့လာပြီး စစ်တမ်းထုတ်ပြန်ရာတွင် ဗြိတိန်ကလေးငယ်များသည် အဆင်းရဲ အနွမ်းပါးဆုံးနှင့် လျစ်လျူရှုအခံရဆုံး ကလေးငယ်များတွင် ပါဝင်သည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

ပရဟိတအဖွဲ့များနှင့် အတိုက်အခံနိုင်ငံရေးသမားများက ယင်းစစ်တမ်းပါ ဖော်ပြချက်သည် ရှက်ဖွယ်လိလိဖြစ်ပြီး ဝန်ကြီးချုပ် တိုနီဘလဲ အစိုးရအနေဖြင့် လူငယ်မျိုးဆက်ကို ပြုစုပျိုးထောင်ရန် ပျက်ကွက်သည်ဟုစွပ်စွဲပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးယူဆောင်ရွက်ရာတွင် နောက်ကျကျန်ရစ်ခဲ့သည်ဟု စစ်တမ်းတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံက ပညာရေးကဏ္ဍတွင် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်နိုင်သော်လည်း အမေရိကန်နိုင်ငံနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသည်ဟု ဖော်ပြသည်။

ကလေးများအတွက် ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်မှုပေးနိုင်သည့်နေရာသည် နယ်သာလန်၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတို့ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

စင်ကာပူနိုင်ငံ အရှေ့ဘက်ကမ်းခြေဥယျာဉ်တွင် အပန်းဖြေလမ်းလျှောက်နေသူများကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားမှ ဖိလစ်ပိုင်သင်္ဘောသားများ ပြန်လည်လွတ်မြောက်

အဘူဂျာ ဖေဖော်ဝါရီ ၁၅

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြန်ပေးဆွဲခံထားရသောဖိလစ်ပိုင်သင်္ဘောသား ၂၄ဦးစလုံးကို ပြန်လည်လွှတ်ပေးလိုက်ကြောင်း၊ ၎င်းတို့ကို ဇန်နဝါရီ ၂၀ရက်ကတည်းက နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် ခြေကုပ်ယူထားသည့်သူပုန်အဖွဲ့က ဖမ်းဆီးထားခဲ့ကြောင်း ဂျာမနီနိုင်ငံ ဘာကိုလိုင်းနားသင်္ဘောကုမ္ပဏီက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။ ဘာကို-လိုင်းနား ၂ သင်္ဘောဖြင့် သင်္ဘောသား ၂၄ဦးစလုံးကို ပါရီမြို့သို့ ပို့ဆောင်ကာ မိမိတို့၏ ကိုယ်စားလှယ်ထံသို့ တိုက်ရိုက်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပြန်လည်လွတ်မြောက်လာသူများ၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်ကြောင်း ၎င်းကဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ပြုလုပ်သော 3GSMတယ်လီဖုန်းသစ်များအနက် အသက်အရွယ်ကြီးသူများ အသုံးပြုရန်အတွက် ထုတ်လုပ်ထားသည့် လက်ကိုင်ဖုန်းတစ်မျိုးကို ဖေဖော်ဝါရီ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်တွင် ရေယာဉ်နှစ်စင်းတိုက်မိ သုံးဦးသေဆုံး

ဟနွိုင်း ဖေဖော်ဝါရီ ၁၅

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နင်းပြည်နယ်တွင် သောကြာနေ့ နံနက်ပိုင်းက ရုပ်ပြေးရေယာဉ်တစ်စင်းက ကုန်တင်သင်္ဘောတစ်စင်းကိုဝင်ရောက်တိုက်မိခဲ့သဖြင့် တရုတ်ခရီးသည်နှစ်ဦး သေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်ရှိ တရုတ်သံရုံးက ပြောကြားသည်။

ဒဏ်ရာရရှိသူ လေးဦးတွင် သုံးဦးမှာ ပြင်းထန်ကြောင်းသံရုံးက ဆက်လက်ပြောကြားသည်။

ယင်းမတော်တဆ ဖြစ်ရပ်သည် မောင်ကိုင်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်၂၅ဦး စီးနင်းလာသည့် ရုပ်ပြေးရေယာဉ်သည် ဟာလွန်ပြည်နယ်မှ မောင်ကိုင်မြို့သို့ ခုတ်မောင်းလာရာ ကုန်တင်သင်္ဘောကို ဝင်တိုက်မိပြီး လူသုံးဦး သေဆုံးကာ အခြားလူ ၁၈ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဗီယက်နမ်ရုပ်မြင်သံကြားက ဖော်ပြသည်။

အဆိုပါ ရေယာဉ် နှစ်စင်းစလုံးကို ဗီယက်နမ်ကုမ္ပဏီများက ပိုင်ဆိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဒေသတွင် ရေကြီးစဉ်က ရေဘေးဒုက္ခသည် မိသားစုများအား ကယ်ဆယ်ရေး လုပ်သားများက ကယ်ဆယ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမန်နှစ်ဦးလွတ်မြောက်ရေး ဆက်လက်ကြိုးပမ်းနေ

ဘာလင် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံတွင် မကြာမီကပြန်ပေးဆွဲခံခဲ့ရသည့် ဂျာမန်နှစ်ဦးတို့ လွတ်မြောက်ရေးအတွက် ဂျာမနီနိုင်ငံက ကြိုးပမ်းနေကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

၎င်းဂျာမန်နှစ်ဦးသည် ဘဂ္ဂဒက်ရှိ ၎င်းတို့နေထိုင်ရာအခန်းတစ်ခုမှ သေနတ်သမားများက ခေါ်ဆောင်သွားခြင်းဖြစ်သည်။ အီရတ်ရဲတပ်ဖွဲ့က ၎င်းတို့နှစ်ဦး ရောက်ရှိနေသည့် နေရာကိုသိရှိရန် ကြိုးပမ်းနေသည်ဟု ဂျာမန်သတင်းဌာနက ဘဂ္ဂဒက်လုံခြုံရေးသတင်းရပ်ကွက်ကို ကိုးကားဖော်ပြသည်။

ပြန်ပေးဆွဲခံရသူတစ်ဦးသည် အမျိုးသမီးဖြစ်ပြီး အီရတ်ဆရာဝန်တစ်ဦးနှင့် လက်ထပ်ထားသူဖြစ်သည်။ အခြားတစ်ဦးသည် ၎င်းတို့၏သားဖြစ်ကာ အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပညာရှင်အဖြစ် အလုပ်လုပ်ကိုင်နေသူ ဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု ကမ္ဘာ့ချမ်းသာသောနိုင်ငံများ လျှော့ချသင့်

ရီယိုဒီဂျနေရို ဖေဖော်ဝါရီ ၁၄

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းနှင့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် ကာဗွန်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချရန်လိုအပ်ကြောင်း ဘရာဇီးသမ္မတ လူဝီအင်နာစီယိုလူလာဒါ ဆေးလ်ဗားက ဖေဖော်ဝါရီ၁၂ ရက်တွင် တိုက်တွန်းလိုက်သည်။

ချမ်းသာကြွယ်ဝသော နိုင်ငံများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသော လုပ်ရပ် များကို တာဝန်သိသိလျှော့ချသင့်ကြောင်း လူလာက ပြောကြားသည်။ ကမ္ဘာတွင်အမေရိကန်နိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ အများဆုံး ထုတ်လွှတ်သောနိုင်ငံဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဓာတ်ငွေ့၏ ၇၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှထွက်ရှိခြင်းဖြစ်ကြောင်း၊ ကာဗွန်ဓာတ်ငွေ့ထွက်ရှိမှုကိုလျှော့ချရန်ကျိုတိုသဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန် အမေရိကန်က ၂၀၀၁ ခုနှစ်တွင်ငြင်းဆန်ခဲ့ကြောင်းလူလာကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror **အင်တာနက် ကျန်းမာရေးသတင်း**

ကိုယ်ဝန်ဆောင်မိခင် ငါးများများစားသုံးက ကလေးဦးနှောက်ဖွံ့ဖြိုးမှု အထောက်အကူပြု

လန်ဒန် ဖေဖော်ဝါရီ ၁၆

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သန္ဓေလွယ်ထားစဉ်ကာလအတွင်း ငါးများများ သို့မဟုတ် ပင်လယ်အစားအစာ များများစားသုံးမည်ဆိုပါက မွေးလာသောရင်သွေးငယ် ကြီးပြင်းလာသည့်အခါ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် လူမှုဝန်းကျင်အတွင်းဝင်ဆံ့စေသည့် အရည်အသွေးအရာတွင် ကောင်းကျိုးဖြစ်ထွန်းစေကြောင်း တွေ့ရှိရသည်ဟု ဆေးပညာသတင်းများက ဖော်ပြသည်။

ဖော်ပြပါ သတင်းအချက်အလက်များကို လန်ဆက်စာစောင်တွင် ထည့်သွင်းရေးသားထားသည်။ ထိုတွေ့ရှိချက်ကြောင့် ငါးစားသုံးလျှင် ငါးနှင့်အတူ ပါလာတတ်သည့် အဆိပ်အတောက်များကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားကို ထိခိုက်စေနိုင်သည်ဆိုသော စိုးရိမ်စိတ်ကို ပယ်ဖျက်ပေးလိုက်သကဲ့သို့ရှိသည်။

မိခင်လောင်းတစ်ဦးအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ငါးနှင့်ပင်လယ်အစားအစာကို တစ်ကြိမ်မက စားသုံးသင့်သည်ဟု အစားအစာစံနှုန်းသတ်မှတ်ရေးအေဂျင်စီက အကြံပြုထားသည်။

တစ်ချိန်တည်းမှာပင် ငါးစားသုံးမှုနှင့် သက်ဆိုင်သော သတိပေးချက်ကိုလည်း ထုတ်ပြန်ထားသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သားစားငါးများဖြစ်သော ငါးမန်း၊ မာလင်ငါးနှင့် တူနာငါးများကို များများစားစား မစားသင့်ကြောင်း အကြံပြုထားသည်။ ယင်းအမျိုးအစားငါးများကို အများအပြား အစားသုံးမိပါက ဖွံ့ဖြိုးနေသောသန္ဓေသားကို ပြဒါးအဆိပ်သင့်စေသည့် ဝေဒနာမျိုးရရှိစေနိုင်ကြောင်း သတိပေးထားသည်။

ကိုယ်ဝန်ဆောင်မိခင်က ငါးများများစားသုံးသည့်အတွက် ကလေးငယ်တွင် အကျိုးများစေသည်ဆိုသောအချက်ကို အသက်ခုနစ်နှစ်မှ ရှစ်နှစ်အရွယ်ရှိသော ကလေးများ၌ လေ့လာတွေ့ရှိထားပြီးဖြစ်သည်။

ဖော်ပြပါလေ့လာမှုမတိုင်မီကပင် ငါးစားသုံးမှုနှင့်စပ်လျဉ်းသော စူးစမ်းမှုကို အာဗွန်လောင်ဂျီကျုတီနယ်အုပ်စုက ပြုလုပ်ခဲ့သည်။ ထိုလေ့လာမှုအရ ငါးမှရသော အဆီတွင် ပါဝင်သည့် အိုမီဂါ-၃ ဖက်တီးအက်ဆစ်ဓာတ်သည် ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေကြောင်း သိရှိထားပြီးဖြစ်သည်။

အင်တာနက်။



ပြဒါးဓာတ် အနည်းဆုံးပါဝင်ပြီး အိုမီဂါ-၃ ဖက်တီးအက်ဆစ်ဓာတ်များများပါသောငါးကို ရွေးချယ်စားသုံးခြင်းဖြင့် အကျိုးထူးရနိုင်သည်။
(ဓာတ်ပုံ-အင်တာနက်)

တာမွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော စေတနာညကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် သင်္ချာဆရာ ဦးမောင်မောင်တီက သင်္ချာအထူးထုတ်စာအုပ်များကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၈)

ဆံတော်ရှင် ဦးဇိနစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၃ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ရက်မှ ၂၄ရက်အထိ တရားပွဲများကို လည်းကောင်း၊ မတ် ၁ ရက်မှ ၂ ရက်အထိ ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ မတ် ၂ ရက်တွင် သစ်သီးဆွမ်းကပ်လှူပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း ၀၅၇-၁၂၄၀၆၉၊ အတွင်းရေးမှူး ဦးလှတင် ဖုန်း ၀၅၇-၂၁၉၃၆၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်းယု ဖုန်း ၀၅၇-၂၁၇၀၃၊ ကော်မတီဝင် ဦးမောင်ငယ် (ကျော်အောင်ဖိဆက်) ဖုန်း ၀၅၇-၂၁၇၆၁၊ ၀၉-၅၃၂၁၇၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဒဗလျူအက်ဖ်ပီ ကိုယ်စားလှယ်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ Country Director and Representative ဖြစ်သူ Mr. Christopher Kaye သည် ဖေဖော်ဝါရီ ၁၃ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

<ins>တက်ရောက်</ins>

ထိုသို့ တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

Noritsu Singapore Pte.Ltd.,နှင့် Accel International Co., Ltd.တို့မှ တင်သွင်းသော Noritsuအမျိုးအစား QSSဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် မိတ်ဆက် ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဓာတ်ပုံလုပ်ငန်းရှင်များ၊ ဓာတ်ပုံပညာရှင်များနှင့် Digital ဓာတ်ပုံပညာ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Noritsu Singapore Pte. Ltd., မှ Managing Director Mr. Katsuhiko Higashi က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Noritsu Singapore Pte. Ltd., မှ Regional Sales & Operations Manager Mr. Leong Keng Boon က အမှာစကား ပြောကြားသည်။

ထို့နောက် Kodak (Singapore) Pte., Ltd မှ Country Business Manager Mr. Preecha Prasatwattana က အာရှဒေသဆိုင်ရာ ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်ဈေးကွက် ကျယ်ပြန့်လာမှုနှင့် အနာဂတ် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုပြောကြားပြီး Accel International Co., Ltd မှ မန်နေဂျာ ဦးသီဟဇော်က မိတ်ဆက်တင်သွင်းသော Noritsu အမှတ်တံဆိပ် QSS 350-li Digital ဓာတ်ပုံကူးစက်မော်ဒယ်အသစ်နှင့် ပတ်သက်၍ ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ပုံကြီးချဲ့ကူးယူနိုင်

ယနေ့ဒစ်ဂျစ်တယ်ကမ္ဘာတွင် ပိုမိုလျင်မြန်ပြီး ပိုမိုဆန်းသစ်သော နည်းပညာသစ်များကို တီထွင်ဆန်းသစ်လျက်ရှိရာ Accel International Co., Ltd.မှ တင်သွင်းသော Noritsu အမျိုးအစား ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်သည် ဒစ်ဂျစ်တယ် ကင်မရာအသုံးပြုသူများ၊ ဒစ်ဂျစ်တယ် မီဒီယာများမှ တစ်ဆင့် ပုံထုတ်ယူလိုသူများ၊ ဓာတ်ပုံများကို CD သို့ ကူးယူသိမ်းထားလိုသူများ၊ ကုမ္ပဏီလုပ်ငန်းသုံး ဖိတ်စာများ၊ စီးပွားရေးလုပ်ငန်းသုံးကတ်အမျိုးမျိုး Greeting Card, Name Card, Birthday Card များကို အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ပြီး အနံ ရှစ်လက်မမှ အလျား ၂၄ လက်မအထိ ပုံကြီးချဲ့ကူးယူနိုင်သည်။

Accel International Co., Ltd. မှ Noritsu Digital ဓာတ်ပုံကူးစက်နှင့် အခြား Noritsu ဓာတ်ပုံကူးစက်၊ Noritsu ဖလင်ဆေးစက်အမျိုးမျိုးကိုလည်း တင်သွင်းရောင်းချပေးနေပြီး ဓာတ်ပုံဆိုင်လုပ်ငန်းလည်ပတ်သည်အထိ တာဝန်ယူကူညီဆောင်ရွက်ပေးပြီး အမှတ် (၄၂၂-၄၂၆) ဆဋ္ဌမထပ် သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆ သို့ မေးမြန်း စုံစမ်း၍ ဆက်သွယ်ဝယ်ယူနိုင်သည်။

ယခု မိတ်ဆက် သရုပ်ပြသော Noritsu အမျိုးအစား QSS-3501i စက်သစ်ကြီးဖြင့် မကွေးမြို့ အမှတ် (၁-၄)၊ စိုးကောမင်းရပ်ကွက် ခရိုင်အားကစားကွင်းအရှေ့ဘက်တန်း၊ Three Star Digital Photo ဖုန်း-၀၆၃-၂၃၂၄၅ တွင် ကူးယူနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Noritsu အမျိုးအစား QSS ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။
(သတင်းစဉ်)

(၄၁)ကြိမ်မြောက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၂၇၆)တွင် ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၃ရက်အထိ မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ဉာဏိဿရ (ဓမ္မာစရိယ) အရှင်သူမြတ်က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၂၂ ရက်နောက်ဆုံးထား၍ ဖုန်း- ၅၅၉၆၀၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော် ပြည်သာယာရိပ်သာ ဂီတမာလာလမ်းနေ ဒုတိယဗိုလ်မှူးကြီး မောင်ကျော်(ငြိမ်း) ဒေါ်တင်တင်အေး မိသားစုတို့က (၄၉)နှစ်မြောက် မင်္ဂလာနေ့ အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လက်ရှိကာလသည် ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနေ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အခါနှင့်ကြုံကြိုက် ပိုမိုတည်ငြိမ်အေးချမ်းရေး၊ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိရေး မှန်ကန်သောအသိဖြင့် ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်ရာတွင် ရေရှည်ကို မျှော်မှန်းပြီး လက်ရှိကာလ၌ အကျိုးအရှိဆုံးရလဒ်များ ရရှိလာအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို ပါဝင်ဆောင်ရွက်ရာတွင် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ အပြန်အလှန် နားလည်မှု၊ စာနာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများလည်း ရှိကြပြီးဖြစ်ကြောင်း။

လက်ရှိကာလသည် ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်သို့ ညင်သာစွာ အစီအစဉ်တကျ ကူးပြောင်းနေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေသည့်ကာလဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ပေါ်ပေါက်လာတော့မည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် အခြေခံကောင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လျော့ပါးနိမ့်ကျမသွားရအောင် ထိန်းသိမ်းပြီး ပိုမိုတည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် မှန်ကန်သောအသိဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများ ဖြစ်ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနေပြည်သူများ အကျိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းတာဝန်ကြီး (၅)ရပ် ချမှတ်အကောင်အထည်ဖော်လျက် ရှိနေကြောင်း၊ အသင်းကြီးအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ကြီး(၅)ရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက်ထူထောင်ရေးအတွက်လည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဇီဝလောင်စာ ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး ဒေသမရွေး၊ မြေအမျိုးအစားမရွေး ပေါက်ရောက်နိုင်သည့် အပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသတွင် ရှိနေကြသည့် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်၊ ရေစုပ်စက်၊ ရိတ်စက်၊ ခြွေလှေ့စက်များ၊ မီးစက်နှင့်သွားလာပို့ဆောင်ရေးအတွက် ထော်လာဂျီ စသော ဒီဇယ်သုံးစက်ကိရိယာများတွင် ထည့်သွင်းသုံးစွဲနိုင်သည့် အဖိုးတန် အသုံးဝင်သည့်အပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အသင်းကြီးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရေးကိုလည်း မှာကြားလိုကြောင်း၊ မျက်မှောက် ကာလ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရေးရှုနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက လိုရာဆွဲပြောနေသည့် အကြောင်းအရာများမဟုတ်ဘဲ သိမြင်၊ ထိတွေ့ခံစားနိုင်ကြသည့် ပကတိအခြေအနေများသာ ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း မှန်ကန်သည့် အသိစိတ်ဓာတ်ရှိကြရန် လိုကြောင်း၊ မှန်ကန်သည့် အသိစိတ်ရှိမှသာ မှန်ကန်သောလုပ်ဆောင်မှု ရှိနိုင်ကြောင်း၊ မှန်ကန်သော လုပ်ဆောင်မှုရှိမှသာ အကျိုးကျေးဇူး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် အကျိုးမဲ့သည့်ဖြစ်ရပ်များ၊ ကျဉ်းမြောင်းသည့် ဒေသစွဲ၊ လူမျိုးစွဲများကြောင့် ပြည်သူများ၏ အကျိုးစီးပွားပျက်ပြားခဲ့သည့် ဖြစ်ရပ်များအပေါ် သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်း မိမိတို့နိုင်ငံနှင့်လူမျိုး၏ အမျိုးသားအကျိုးစီးပွားအတွက် အလေးထား ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားကို အခြေခံသည့် ပြည်ပ ပယောဂများ၊ သွေးထိုးမှုများကို အမှန်အတိုင်းသိမြင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်နေမှုများကို ဆန့်ကျင်လာအောင်၊ စီးပွားရေးကို အကြောင်းပြုပြီး ဆန့်ကျင်လာအောင်၊ လူမှုရေးကို အကြောင်းပြုပြီး ဆန့်ကျင်လာအောင် ဆောင်ရွက်နေမှုများကို သတိပြုကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ် ထူထောင်ရေးအတွက် အနှောင့်အယှက် အဟန့်အတားများဖြစ်သည့်အတွက် သတိပြု ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အနာဂတ် နိုင်ငံတော်သစ်ကြီး ရေရှည်တည့်တံ့ပြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါ။

တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားနေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါ။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။

အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့ရောက်ရှိရာ နယ်မြေအသီးသီး၏ အကျိုးရှိသည့်လုပ်ငန်းများကို မွန်မြတ်မှန်ကန်သည့်စေတနာဖြင့် လက်တွေ့ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ကြုံတွေ့လာနိုင်သည့် အဟန့်အတား အနှောင့်အယှက်မှန်သမျှကိုလည်း အသင်းဝင်များနှင့် ပြည်သူများ၏ ကြံ့ခိုင်တည်ငြိမ်သည့်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် ကာကွယ်တွန်းလှန်သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၄) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ဆရာတော်ဘဒ္ဒန္တဇနိတ၏ ဦးစီးလမ်းညွှန်မှုဖြင့် အဘိဓမ္မာသင်္ဂြိုဟ်(ရိုးရိုး) ဖြေဆိုအောင်မြင်ပြီးသူ လူပုဂ္ဂိုလ်များအ တွက် ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများကို ဖေဖော်ဝါရီ ၂၄ရက် (စနေနေ့) နံနက် ၈နာရီမှစ၍ စနေနှင့် တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူ ဓမ္မမိတ်ဆွေများလာရောက်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား သံလွင်လမ်းသွယ် အမှတ် (၈၄/က) NEW TREASURE ပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၁၇ရက်မှ ၁၈ရက်အထိ ပြသမည့်ပန်းချီဆရာမင်းဝေအောင်၏ Under Sunshineအမည်ရှိ ပန်းချီကားများ ပြသခွင့်လက်မှတ်ပေးအပ်ပွဲကို အဆိုပါပန်းချီပြခန်းတွင် ယနေ့နံနက်က ကျင်းပရာ ပြပွဲပြသခွင့်လက်မှတ်ကို စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်မြင့်က ပန်းချီဆရာမင်းဝေအောင်သို့ ပေးအပ်စဉ်။ (က-ပ)

ဒဂုံမြို့နယ် အလက(၁)မှ ဆရာမ ဒေါ်လှလှကြည်၏ ရွှေရတုမွေးနေ့ ကုသိုလ်အဖြစ် အင္ဂမတန်း (F) မှ တပည့်ဟောင်းများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင်လက်ခံယူစဉ်။ (က-ပ)

သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် တူးဖော်ထုတ်လုပ်ကြရေး ကြပ်မတ်ဆောင်ရွက်ရန်လို

✳ ကျောက်မျက်ကျောက်စိမ်းမှ

ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ပုံမှန်အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပဝယ်လိုအားလည်း တိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွက်ရော၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရအောင် အထူးဂရုပြုထိန်းသိမ်းသွားရန် လိုအပ်သဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ်သယံဇာတပစ္စည်းများဖြစ်ကြောင်း၊ ကျောက်မျက်တူးဖော်လုပ်ကိုင်သူ များအနေဖြင့် မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်း မပြုဘဲ နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက်မျှတစွာ စည်းကမ်းတကျ တူးဖော်လုပ်ကိုင်ရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံ၊ သတ္တုနှင့် ကျောက်မျက်ရတနာ စသည်တို့မှာ ကုန်ခန်းနိုင်သည့် သဘာဝသယံဇာတများဖြစ်ကြောင်း။

သို့ဖြစ်၍ သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် တူးဖော်ထုတ်လုပ်ကြရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဆိုသည့် ဦးတည်ချက်နှင့်အညီ ကျောက်မျက်ရတနာလုပ်ငန်းများကို အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သည့် မိမိတို့တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လက်ဝယ်ရောက်ရှိဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဖြစ်သာ ရောင်းချနေခြင်းမျိုး မဟုတ်ဘဲ တန်ဖိုးမြှင့် (Value Added) ကုန်ချောများအဖြစ် ထိုက်တန်သည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် အဆင့်ရောက်အောင် တွန်းအားပေး ကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ကျောက်စိမ်း၊ ကျောက်မျက်ရတနာဈေးကွက်ကို ပြည်တွင်းမှာပင် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာအောင် ကျောက်မျက်ရတနာဥပဒေနှင့်အညီ စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့အလိုက် ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများမှ နှစ်အလိုက် ရောင်းချရရှိငွေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် တိုးတက်လာမှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးတူ ဆောင်ရွက်လျက်ရှိသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ အခြေအနေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ် သယံဇာတပစ္စည်းများဖြစ်၊ ကျောက်မျက် တူးဖော်လုပ်ကိုင်သူများအနေဖြင့် မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်း မပြုဘဲ နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက် မျှတစွာ စည်းကမ်းတကျ တူးဖော်လုပ်ကိုင်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ကွေလီ၊အော၊ဆုဖာခတ် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မိဘမေတ္တာသားလိမ္မာ တရားတော် (မေတ္တာအေးဆရာတော် အရှင်သုဇာတ)
၈း၀၅	ပျော်ရွှင်ကစားမြွေလှေကား
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	နာတာရှည်ကျောက်ကပ် အလုပ်မလုပ် (သို့မဟုတ်) အားနည်းရောဂါ အကြောင်း (ဒေါက်တာခင်မောင်ဌေး)
၉း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	အပန်းဖြေစရာ ရန်ကုန်မြစ်အတွင်းမှာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း

၁၀း၄၀	စာပေပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ကလေးတို့အတွက် လက်ဆောင် (လေးခုတွဲခွက်၊စက်ဝိုင်းပုံခွက်ခေါက်နည်း)
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	ကွန်းချောင်းရေလှောင်တမံနှင့် နွေစပါးစိုက်ပျိုးမှု
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	သိစေချင်သည် ICT (KMD-IDCS Diploma)
၁၂း၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	မြန်မာ့လက်မှု ယွန်းအနုပညာ
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆း၅၅	Arsenal-Blackburn	5-Sports(Live)
၉း၂၅	Chelsea-Norwich City	5-Series(Live)
	Middlesbrough-West Bromwich	5-Sports(Live)
၁၁း၄၀	Man:Utd-Reading	5-Sports(Live)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ ဆရာတော်ကြီးအား နိုင်ငံတော်က ဆက်ကပ်ပူဇော်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် အလှူခံရရှိခြင်းအတွက် ကြို့ပင်ကောက်မြို့နယ် အသင်း(ရန်ကုန်)နှင့် ကြို့ပင်ကောက်မြို့နယ်သူ၊မြို့နယ်သားများ စုပေါင်း၍ ထပ်ဆင့်ပူဇော်ပွဲနှင့် တိုက်ကျောင်း ပါဠိတက္ကသိုလ် ပရိယတ္တိ ပစ္စယာနုဂ္ဂဟအဖွဲ့၏ ပဉ္စမအကြိမ်မြောက် ပရိယတ္တိ သာသနာ့မာမက စာမေးပွဲ စာအောင်သံဃာတော် အရှင်သူမြတ်များ စာအောင်ဆုနှင်းသဘင်ပွဲတို့ကို မတ် ၁၀ ရက်တွင် ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

ဆရာတော်ကြီး ပူဇော်ပွဲနှင့် စာအောင်သံဃာ ဆုနှင်းသဘင် အထိမ်းအမှတ်အဖြစ် စာပေပညာရှင်များ၏ စာပေဖြင့် ပူဇော်ပွဲကိုလည်း ယင်းနေ့ညပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယင်းပူဇော်ပွဲသို့ လိုက်ပါပူဇော်လိုသူ အသင်းသူ၊ အသင်းသားများနှင့် လှူဒါန်းလိုသူများသည် ဦးတင်မြင့် ဖုန်း-၆၄၀၂၆၂၊ ၆၄၀၂၅၉၊ ဦးဝမ်းလှိုင် ဖုန်း-၆၆၁၀၇၈နှင့် ဦးခင်နု ဖုန်း-၃၇၅၄၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

❀ **ကျောဖုံးမှ**

ဗိုလ်မှူးကြီးညွန့်တင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လှိုင်ကော်–ဒီမောဆို–ဖရူဆို လမ်းအတိုင်း ထွက်ခွာကြပြီး လှိုင်ကော်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် လမ်းပိုင်းဆိုင်ရာအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားရယူပြီး စေတနာပါပါဖြင့် ဖိဖိစီးစီးဝိုင်းဝန်း ကြိုးပမ်းအကောင်အထည်ဖော်ရေး၊ ဒေသအတွင်းစက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင် ရော်ဘာစမ်းသပ်စိုက်ပျိုးရေးနှင့် သုတေသနပြုဆောင်ရွက်ကြရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ရုံသက်သက်မဟုတ်ဘဲ ရှင်သန်ဖြစ်ထွန်း အောင်မြင်အောင် စနစ်တကျ ပြုစုပျိုးထောင်သွားကြရေး၊ ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့သည် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း စာသင်ဆောင်များအခြေအနေ၊ သင်ထောက်ကူ စာသင်ခန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဆွေက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ သင်ထောက်ကူပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုသင်ကြားပို့ချရေး မှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတွင်း ဓာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်း သိုလှောင်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာအေးအောင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဆေးရုံတက်ရောက်နေသော လူနာများအား လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးရုံအတွက် အလှူငွေကျပ်သုံးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်ထံ ပေးအပ်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့်အဖွဲ့သည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိသားစုဝင်များအား အိမ်သုံး၊ လူသုံးပစ္စည်းများကို လက်ဆောင်ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များအတွက် စားသောက်ဖွယ်ပစ္စည်းများ ပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့သို့ ရောက်ရှိပြီး ဒီမောဆိုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ဒီမောဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒီမောဆိုမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်ဖြစ်ထွန်းအောင်မြင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားစေလိုကြောင်း၊ စိုက်ပျိုးကုန်ထုတ်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ အဆင့်ဆင့် မြင့်မားတိုးတက်မှုကိုလည်း တာဝန်ရှိသူအသီးသီးက စနစ်တကျ မှတ်တမ်းပြုစုထားရန်လိုကြောင်း၊ ပညာရေးကဏ္ဍတွင် လှိုင်နန်းဖကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲက တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်နှုန်း ၃၃ ဒသမ ၉၃ ရာခိုင်နှုန်းဖြင့် ပြည်နယ်အတွင်း ပထမဆုကိုလည်းကောင်း၊ မြို့နယ်အနေဖြင့်လည်း အောင်ချက်နှုန်း ၁၇ ဒသမ ၀၈ ရာခိုင်နှုန်းဖြင့် ပြည်နယ်အတွင်း အဆင့်(၁) ရရှိကြောင်း သိရ၍ ဝမ်းမြောက်ကြောင်းနှင့် ယခုကဲ့သို့ ပညာရည်ထူးချွန်မြင့်မားသောကျောင်းများ ပိုမိုပေါ်ထွန်းလာအောင် အားလုံးက ဝိုင်းဝန်းပံ့ပိုး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒီမောဆို အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း ကျောင်းဆောင်များ တည်ဆောက်ထားမှုအခြေအနေ၊ သိပ္ပံခန်းနှင့် သင်ထောက်ကူစာသင်ခန်းများဆောင်ရွက်ထားမှုအခြေအနေနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတွင်းခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆရာဝန်ဒေါက်တာထွန်းလွင်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်နန်းစိုးတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးရုံ တက်ရောက်နေသော လူနာများအား လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများကိုပေးအပ်သည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် ဒီမောဆိုမြို့နယ် အခွန်ဦးစီးဌာနရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံရာ အသင်းအတွင်းရေးမှူးက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒီမောဆိုမြို့နယ် ငွေတောင်ဆည်သို့ ရောက်ရှိကြပြီး မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ ဦးထွန်းမြတ်မင်းက ငွေတောင်ဆည်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်မော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျောက်တန်းမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့် ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏ (၉၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၈ ရက် (ဖေဖော်ဝါရီ ၂၃ ရက်) နံနက် ၈ နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပပြီး ဗုဒ္ဓပူဇာအဖြစ် ထိုနေ့ညမှ လဆန်း ၁၀ ရက်ညအထိ အရှင်သူရဓမ္မ (သာသနတက္ကသီလ–မဟာဓမ္မာစရိယ)၊ အရှင်ဂုဏိန္ဒ(သာသနဓဇ ဓမ္မာစရိယ)၊ အရှင်ဝိလာသ(ဂန္ထဝါစကပဏ္ဍိတ) ဆရာတော်တို့က တရားတော်များ ဟောကြားပြီး လဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ မဟာပဋ္ဌာန်းဒေသနာတော်များကို သံဃာတော်အရှင်သူမြတ် အပါး ၃၀ တို့က အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအဖြစ် တပေါင်းလပြည့်နေ့အရုဏ်တွင်စေတီတော်မြတ်အား အနေကဇာတင်နှင့် ဆွမ်းတော်ကြီးတင်လှူပူဇော်မည်။ သံဃာ့ပူဇာအဖြစ် အရပ်ရပ်မှ ဘုရားဖူးပါရမီရှင်များ၏ လှူဒါန်းငွေများဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၅၇ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင်များ လောင်းလှူကြမည်ဖြစ်သည်။

တပေါင်းလပြည့်ည ၆ နာရီတွင် ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်အား ဒုတိယအကြိမ် ဆီမီးမျှောပူဇော်ပြီး ရုပ်သေးဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ (၇၄)

မွန်ပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှ ဆရာတော်ကြီး ၁၄ပါးတို့အား မွန်ပြည်နယ် ၁၀ မြို့နယ် အသင်းများမှ စုပေါင်း၍ ပဌမအကြိမ်မြောက် ဂုဏပူဇာ ပူဇော်ပွဲကို မတ် ၃ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ပူဇော်ပါရန်နှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် မော်လမြိုင်ဓမ္မာရုံ ဖုန်း– ၂၅၆၁၅၇နှင့် သက်ဆိုင်ရာ မြို့နယ်အသင်းများမှ တစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ထူးခြားသည့် ညအပူချိန်များ

၁၆–၂–၂၀၀၇

ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၂၁ ဒီဂရီစင်တီဂရိတ်

လှည်းဆိပ်အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် (၁၉၈၁–၈၂)ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဝင်းခိုင် သမိုင်း ဖုန်း ၀၉၅၀–၁၇၂၈၈၊ ၀၉၈၀–၃၃၃၆၇၊ ၀၁–၆၆၀၁၉၂၊ ကိုအေးသန်း (တိုက်ကြီး) ၀၅၅–၂၀၃၅၂၊ ကိုကျော်ဟန်သိန်း(တိုက်ကြီး) ဖုန်း ၀၅၅–၂၀၅၈၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဇော်လင်း မင်္ဂလာတောင်ညွန့်မြို့နယ် အသင်းက အမှတ်(၂၃) အခြေခံပညာ မူလတန်းကျောင်းသို့ လှူဒါန်းသော ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ ကျောက်သင်ပုန်း ငါးချပ်ကို ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၂–၂၀၀၇(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Grammar Made Easy.
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ ပြည်တွင်းသတင်း
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁:၅၅ ၄။ **“မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း” (ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ–မျိုးအေး)**
- ၁၂:၅၀ ၅။ ဘာသာစကားသင်ကြား လေ့လာတက္ကသိုလ်မှာ
- ၁:၀၅ ၆။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်ဂုဏ်ပြုအငြိမ့် (မင်းသမီး–စုလေးညို၊ ခိုင်သဇင်သင်း၊ လူရွှင်တော်–ဝင်းနိုင်(အနုပညာ) ဇော်၊ ဗေဒါ၊ ထင်ပေါ်၊ အုန်းသီး၊ ငွေတောင်)
- ၂:၄၅ ၇။ International News.
- ၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၀၀ ၆။ **“ရိုးသားစွာကြိုးစားပါ” (ထွန်းထွန်းဝင်း၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး (IC)၊ မြင့်မြင့်ခိုင်၊ ဟိဏ်းထက်ဇော်၊ ဝီယ၊ မောင်သူရဦး) (ဒါရိုက်တာ–မြင့်စိုး(ဝ/သ–ရန်ကုန်)**
- ၅:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၁။ တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း–၂)
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သမားတော်” (အပိုင်း–၂)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လှပသောနေ့ရက်များ” (အပိုင်း–၂၅)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

တုရင်တောင်တန်း စိမ်းလန်းစိုပြည်

သတင်းဆောင်းပါး၊ ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း တုရင်တောင်တန်းကြီးတွင်ပါဝင်သည့် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်များနှင့် အနောက်ဘက်ခြမ်းရှိ သမိုင်းဝင်မြကန်ဆည် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ပူးပေါင်း၍ တောင်တန်းများပေါ်တွင် ကွန်တိုကျောက်တန်းများပြုလုပ်ခြင်း၊ နုန်းမြေများဆယ်တင်ခြင်း၊ သစ်ပင်မြက်ပင်များ စိုက်ပျိုးခြင်းနှင့် သဘာဝပေါက်ပင်များအား ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်တွင် မြကန်ဆည်ရေဝေရေလဲ စိုက်ခင်းဧက (၁၀၀) လုပ်ငန်းကို-

- **တုရင်တောင်တန်း အနောက်ဘက်ခြမ်းကို သစ်တောသစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းသာယာလှပစေရန်၊**
- **တုရင်တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်လာစေရန်နှင့် မြကန်ဆည်သို့ နုန်းမြေပို့ခြင်းမှ ကာကွယ်ရန်၊**
- **ရာသီဥတုမျှတလာစေရန်နှင့်**
- **တုရင်တောင်တန်းအနောက်ဘက်ခြမ်း ရေတိုက်စားမှုကြောင့် မြေဆီလွှာပြုန်းတီးမှုကာကွယ်ရန်**

ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

တုရင်တောင်တန်းအနောက်ဘက်ခြမ်းဒေသသည် ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေး ညောင်ဦးမြို့မှ ငါးမိုင်ကွာတွင် တည်ရှိပြီး ပျှမ်းမျှမိုးရေချိန် ၂၄ ဒသမ ၇၀ လက်မနှင့် အပူချိန်အမြင့်ဆုံး ၃၉ ဒီဂရီစင်တီဂရိတ် (၁၁၂-ဒီဂရီ ဖာရင်ဟိုက်)ရှိသည်။ တုရင်တောင်တန်း အနောက်ဘက်ခြမ်းရှိ စွယ်တော်၊ သက်စိုး၊ သိကြားတောင်တန်းသည် သဘာဝကျောက်များပေါများခြင်း၊ အပေါ်ယံမြေဆီလွှာနည်းပါးခြင်း၊ သဘာဝပေါက်ပင်နည်းပါးပြီး အများအားဖြင့် ရှား၊ ထနောင်း၊ နဘဲ၊ ကန္တာစိမ်းနှင့် ဒဟတ်၊ မြက်ရိုင်းများသာပေါက်ရောက်သည်။ စွယ်တော်တောင်သည် အနောက်ဘက်မျက်နှာမူရာဖြစ်သည့်အတွက် နေပူဒဏ်ပြင်းစွာ ကျရောက်ထိတွေ့မှုရှိသည်။ မိုးရာသီ၌ မိုးရွာသွန်းသည့်အခါ ကျောက်တောင်များမတ်စောက်သည့်အတွက် သစ်ပင်ပေါက်ရောက်မှုနည်းပါးခြင်း၊ မြေဆီလွှာအတွင်း ရေစိမ့်ဝင်မှုနည်းပါးခြင်း၊ ရေတိုက်စားခြင်းနှင့် မြေဆီလွှာဆုံးရှုံးခြင်းများစွာ ဖြစ်ပေါ်လေ့ရှိသည်။

တုရင်တောင်တန်းအနောက်ဘက်ခြမ်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝေမျိုးလှနှင့်အတူ သွားရောက်လေ့လာခဲ့ကြသည်။ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်အထိ မြေညီကွန်တိုကျောက်တန်းစီခြင်း လုပ်ငန်းတွင် ပေ ၈၀၀၀ ထိ ပြီးစီးနေပြီး ကျောက်တန်းအတွင်း စိုက်ကျင်းတူးခြင်း လုပ်ငန်းတွင် ပေ ၅၀၀၀ ပြီးစီးနေပြီဖြစ်သည်။ ကန်နုန်းမြေသယ်ထည့်ခြင်းတွင် ပေ ၈၀၀၀ပြီးစီးလျက်ရှိသည်။ ထို့နောက် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် အပင်ပေါင်း ၅၀၀၀ စိုက်ပျိုးပြီးစီးနေပြီး တမာ၊ ယူကလစ်၊ အော်ရီရှား၊ မြန်မာရှားနှင့် ဂလိုင်းစီးဒီးယား၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးရှင်သန်နေပြီဖြစ်သည်။ နွယ်ပင်များစိုက်ပျိုးမှုတွင် စင်ကာပူမြက်၊ ဆင်တုံးမနွယ်၊ ဝါးနွယ်ပင်များ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

မြကန်ရေလှောင်တမံကို ဤသို့သာယာစွာ တွေ့ရသည်။

တုရင်တောင်တန်းနှင့် မြကန်ကိုယှဉ်လျက် သာယာစွာ တွေ့ရစဉ်။

မြကန်ဆည် ရေဝေရေလဲ စိုက်ခင်းဧက ၁၀၀ ဆောင်ရွက်ရာတွင် တမာ၊ မြန်မာရှား၊ ယူကလစ်၊ မြန်မာကုက္ကို၊ ခြံစည်းရိုးကြက်ဆူပင်များကို ဧကပေါင်း ၁၀၀ စိုက်ပျိုး ပြီးစီးခဲ့ကြသည်။ စွယ်တော်တောင် အကွက် (က)တွင် အပင်ပေါင်း ၉၂၀၊ အကွက် (ခ)တွင် အပင် ပေါင်း ၉၇၆ပင်၊ အကွက် (ဂ)တွင် အပင်ပေါင်း ၁၂၃၆ ပင်၊ အကွက် (ဃ)တွင် အပင်ပေါင်း ၆၆၈ပင်၊ အကွက် (င)တွင် စိုက်ပျိုးပင်ပေါင်း ၁၂၀၀ စုစု ပေါင်း အပင် ၅၀၀၀ စိုက်ပျိုး ပြီးစီးခဲ့၍ စိမ်းလန်းစိုပြည်သာယာ လျက်ရှိသည်။

စိုက်ပျိုးပင်များ ရှင်သန်ရန်ဂါလန် ၄၀၀၀ ဆံ့ သံကန်လေးလုံးကို တောင်ထိပ်တွင် တည်ဆောက်ထားပြီး ရေဘောက်ဆာကား အသုံးပြု၍ ရေသယ်ယူဖြည့်ပြီး ကွန်တိုပိုက် ပေရှည်ပေါင်း ၁၂၀၀ ခန့်ဖြင့် ရေဖြန့်ဝေ၍ ပိုက်လိုင်းများမှတစ်ဆင့် ပိုက်ငယ်များနှင့် ရေအစက်ချပေးကြသည်။

ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်း (JICA) စီမံကိန်း စိုက်ခင်းကို တွေ့ရစဉ်။

အပူပိုင်းဒေသတွင် ပါဝင်သော ပုဂံ-ညောင်ဦးဒေသများမှာ ၂၀၀၆ ခုနှစ်တွင် မိုးရေချိန် ၉ ဒသမ ၂၇ လက်မသာ ရွာသွန်းခဲ့သည်။ တုရင်တောင်တန်းအနောက်ဘက်ခြမ်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များ ရှင်သန်ပေါက်ရောက်မှုရှိအောင် သစ်တောနည်းပညာများဖြင့် စိုက်ပျိုးခြင်းကြောင့် မြကန်ဆည်အတွင်း ရေဝင်ရောက်မှုများစွာ အထောက်အကူပြုခဲ့သည်။ ပုဂံ-ညောင်ဦး ဒေသ အတွင်း စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သော တုရင် တောင် စွယ်တော်မြတ်စေတီ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လာနေပြီး အမြင်တင့်တယ်နေပေပြီ။ တုရင်တောင်တန်းနှင့် မြကန်ပနံတင့်လျက်နေပြီး မြကန်ဝန်းကျင် ကျေးရွာများနေ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိနေသည်။

ဆက်လက်၍ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) စီမံကိန်း စိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ရာ အဆိုပါ စိုက်ခင်းများ တည်ရှိသည့်ဒေသသည် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမှ အရှေ့ဘက် ခြောက်မိုင်ဝင်ရောက်လာခဲ့ရသည်။ ကာကွယ်တောဧရိယာမှာ ၁၆၆၀၆ ဧကဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၀၃-၂၀၀၄ မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြစ်သည်။ ပထမနှစ်တွင် ကာကွယ်တောစိုက်ခင်း ၇၄ ဒသမ ၆၂ ဧက၊ ထင်းတောစိုက်ခင်း ၄၄၄ ဒသမ ၅၃ ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ၈၀ ဒသမ ဝ၆ ဧက စုစုပေါင်း ၅၉၉ ဒသမ ၂၁ ဧကရှိပြီး ရှား၊ ကုက္ကို၊ တမာ၊ ဆီး၊ ဘောစကိုင်းသစ်ပင်မျိုးများ စိုက်ပျိုးခဲ့ကြသည်။

ဒုတိယနှစ်တွင် ကာကွယ်သော စိုက်ခင်းဧက ၆၇၈ ဧက၊ ထင်းစိုက်ခင်း ၄၁၃ ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းဧက ၈၀ စုစုပေါင်း ၁၁၇၁ ဧကရှိသည်။ ဒုတိယနှစ်တွင် ရှား၊ ကုက္ကို၊ တမာ၊ ဆီး၊ ယင်းမာ၊ ဘောစကိုင်းနှင့် ယူကလစ်ပင်များ စိုက်ပျိုးကြသည်။ တတိယနှစ်တွင် ကာကွယ်တောစိုက်ခင်း မြေသင်းတွင်းကြိုးပြင် ကာကွယ်တော၌ ၃၅၂ ဒသမ ၁၂ ဧက၊ ထင်းတောစိုက်ခင်း ၆၃၅ ဒသမ ၁၇ ဧက စုစုပေါင်းဧက ၉၈၇ ဒသမ ၂၉ စိုက်ပျိုးခဲ့သည်။ အဆိုပါ စိုက်ခင်းများတွင် ရှား၊ တမာ၊ ကုက္ကို သစ်ပင်မျိုးများ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ စတုတ္ထနှစ်တွင် ကာကွယ်တော ၇၄၆ဒသမ ၇၄ ဧက၊ ထင်းတောဧက ၂၉၄ဒသမ ၃၀ စိုက်ပျိုးခဲ့ကြသည်။ ရေရရှိရေးအတွက် ရေနက်တွင်းများ တူးဖော်ခဲ့သည်။

ပုဂံ-ညောင်ဦး အပူပိုင်းဒေသများတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအောက်ရှိ စိုက်ခင်းများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး (JICA) စိုက်ခင်းများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ သစ်တောမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (JIFPRO)စိုက်ခင်းများ၊ တုရင်တောင်တန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ မြကန်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများဖြင့် ပုဂံ-ညောင်ဦး ဒေသ နယ်မြေတစ်ခွင်လုံးတွင် ယခင်ကနှင့်မတူ တစ်မူထူးခြားလျက် စိမ်းလန်း စိုပြည်သာယာ လှပစွာ ကြည်နူးဖွယ်ဖြစ်နေပေသည်။ ။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ (ပရဒေသီ သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ) ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသည် ဖေဖော်ဝါရီ ၁၆ ရက်က အိန္ဒိယသမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာရာ အကြံပေး ပုဂ္ဂိုလ် ဦးအုံးမောင်နှင့် မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာသုန္ဒရ (သဒ္ဓမ္မဇောတိကဓဇ)၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဩသဓောရ (မဟာဂန္ထဝါစက ပဏ္ဍိတ)နှင့် ရွှေမြင်တင် ဦးညို(သဒ္ဓမ္မဇောတိကဓဇ) (သီဟသုဓမ္မ မဏိဇောတဓရ)နှင့် တပည့် သာဝကများ ကြိုဆိုပင့်ဆောင်ကြစဉ်။ (ကြေးမုံ)

ရန်ကုန်-မန္တလေး အစုန်အဆန် ရထားလမ်းခရီးစဉ်များ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ခရီးသွားပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ချောမွေ့ရေးတို့အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ပြည်နယ်နှင့်တိုင်း အသီးသီးသို့ ရထားခရီးစဉ်များ ပို့ဆောင် ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေးအဆန်ရထားများ

အဆိုပါ ရထားခရီးစဉ်များအနက် အဓိကလမ်းပိုင်း တစ်ခုဖြစ်သည့်ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အစုန်အဆန် ရထားများ ပြေးဆွဲ ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးအဆန် ရထားများအဖြစ် အမှတ်(၂၉) အဆန်အထူးအမြန်ရထား သည် ရန်ကုန်ဘူတာမှ နံနက် ၄နာရီခွဲ တွင် ထွက်ခွာ၍ လမ်းခရီး၌ တောင်ငူ နှင့် ပျဉ်းမနားဘူတာတို့၌ ရပ်နားကာ မန္တလေးသို့ ယင်းနေ့ ညနေ ၆နာရီခွဲ တွင် ဆိုက်ရောက်မည် ဖြစ်သည်။

အမှတ်(၃၃) အဆန် အထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာမှ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ထွက်ခွာ၍ တောင်ငူ၊ ပျဉ်းမနားနှင့် သာစည်ဘူတာတို့၌ ရပ်နားကာ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၃ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၅) အဆန်အမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅နာရီတွင်ထွက်ခွာ၍ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သာစည်နှင့် ကျောက်ဆည်ဘူတာတို့၌ ရပ်နားကာ မန္တလေး ဘူတာသို့ ယင်းနေ့ည ၈နာရီ ၁၀မိနစ်၌ ဆိုက်ရောက်မည် ဖြစ်သည်။

အမှတ်(၃)အဆန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅နာရီခွဲတွင် ထွက်ခွာ၍ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဖြူး၊ တောင်ငူ၊ ဧလာ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ရမ်း၊ သာစည်၊ သဲတောနှင့် မြစ်သားဘူတာတို့၌ ရပ်နားကာ မန္တလေး ဘူတာသို့ ည ၉နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အမှတ်(၁၁)အဆန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၆နာရီတွင် ထွက်ခွာရန် ပဲခူး၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ ရေနီ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည် ဘူတာတို့၌ ရပ်နားကာ မန္တလေးဘူတာသို့ ည ၁၀ နာရီတွင် ဆိုက်ရောက်မည် ဖြစ်သည်။

အမှတ်(၁)အဆန်စာပို့ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၈နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆နာရီခွဲတွင် ရောက်ရှိမည်။ ခရီးစဉ်၌ စာတိုက်ရှိသော ဘူတာတိုင်း၌ ရပ်နားမည်ဖြစ်သည်။

မန္တလေး-ရန်ကုန် အစုန်ရထားများ

ထို့အတူ မန္တလေး- ရန်ကုန် အစုန်ရထားခရီးစဉ်များ တွင် အမှတ်(၃၀) အစုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာမှ နံနက် ၄နာရီတွင် ထွက်ခွာ၍ လမ်းခရီး၌ ပျဉ်းမနားနှင့် တောင်ငူဘူတာတို့၌ ရပ်နားကာ ရန်ကုန် ဘူတာသို့ ညနေ ၆နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အမှတ်(၃၃) အစုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာမှ နံနက် ၈နာရီတွင် ထွက်ခွာ၍ လမ်းခရီး တွင် သာစည်၊ ပျဉ်းမနား၊ တောင်ငူ ဘူတာတို့၌ ရပ်နားကာ ရန်ကုန်ဘူတာသို့ ည ၁၀နာရီ ၁၅မိနစ်တွင် ဆိုက်ရောက်မည် ဖြစ်သည်။

အမှတ်(၆) အစုန် အမြန် ရထားသည် မန္တလေး ဘူတာမှ နံနက်၅နာရီတွင် ထွက်ခွာ၍ လမ်းခရီး၌ ကျောက်ဆည်၊ သာစည်၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးတို့၌ ရပ်နားကာ ရန်ကုန်ဘူတာသို့ ည ၈နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၄) အစုန် အမြန်ရထားသည် မန္တလေး ဘူတာမှ နံနက် ၅နာရီခွဲတွင် ထွက်ခွာ၍ လမ်းခရီး၌ မြစ်သား၊ သဲတော၊ သာစည်၊ ညောင်ရမ်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ ဧလာ၊ တောင်ငူ၊ ဖြူး၊ ကျောက်တံတား၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး ဘူတာတို့၌ ရပ်နားကာရန်ကုန်ဘူတာသို့ည ၉နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အမှတ်(၁၂) အစုန်အမြန် ရထားသည် မန္တလေး ဘူတာမှ နံနက် ၆နာရီတွင် ထွက်ခွာ၍ လမ်းခရီး၌ ကျောက်ဆည်၊ မြစ်သား၊ သဲတော၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ ရေနီ၊ ဆွာ၊ ရေတာရှည်၊ တောင်ငူ၊ ဖြူး၊ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဒိုက်ဦးနှင့် ပဲခူးဘူတာတို့၌ ရပ်နားကာ ရန်ကုန်ဘူတာသို့ ည ၁၀နာရီ တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၂) အစုန် စာပို့ရထားသည် မန္တလေး ဘူတာမှ ညနေ ၇နာရီ၁၅မိနစ် တွင်ထွက်ခွာ၍ လမ်းခရီး၌ စာပို့တိုက်ရှိသော ဘူတာတိုင်း၌ ရပ်နားမည်ဖြစ်ကာ ရန်ကုန် ဘူတာသို့ နောက်တစ်နေ့ ညနေ ၅ နာရီ မိနစ် ၂၀ ၌ ဆိုက်ရောက်မည် ဖြစ်သည်။ (ကြေးမုံ)

အလှူငွေပေးအပ်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၌ ဦးကျော်ခိုင် (မြန်မာ့အလှ ဆောက်လုပ်ရေး) မိသားစုကမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းသို့ အလှူငွေများ ပေးအပ်စဉ်။

(က-ပ)

အင်တာနက် အားကစားသတင်းများ

ရွှေဖိနပ်ဆုရရှိရန် ဒရော့ဘာ မျှော်လင့်

လန်ဒန် ဖေဖော်ဝါရီ ၁၆

ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူး ဒစ်ဒီယာဒရော့ဘာ သည် ဥရောပရွှေဖိနပ်ဆုကိုရရှိရန် မျှော်လင့်ကြောင်း၊ သို့ရာတွင် ချယ်လ်ဆီးအသင်းသည် ချန်ပီယံဆုဖလားကို ယခုနှစ်တွင်ဆွတ်ခူးရရှိခြင်းမရှိပါက ဒရော့ဘာ၏မျှော်လင့် ချက်မှာ မှေးမှိန်သွားနိုင်ကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

၂၅ ဂိုးသွင်း

ဒရော့ဘာသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ရော ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင်ပါ ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။ ဒရော့ဘာ သည် လက်ရှိဘောလုံးရာသီတွင် ၎င်းတစ်ဦးတည်း ၂၅ ဂိုး သွင်းထားသည်။

အကောင်းဆုံး

မိမိသည် မိမိတစ်ဦးတည်း၏ အောင်မြင်မှုထက် အသင်းတစ်သင်းလုံး၏ အောင်မြင်မှုရရှိရန် လိုလား ကြောင်း၊ မိမိအနေဖြင့်လည်း ရွှေဖိနပ်ဆုကိုရရှိမည် ချယ်လ်ဆီးအသင်းအနေဖြင့်လည်း ချန်ပီယံဆုဖလားကို ရရှိမည်ဆိုလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒရော့ဘာက ပြောကြားသည်။ ***အင်တာနက်***

ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ။
(ဓာတ်ပုံ-အင်တာနက်)

ရီးယဲလ်မဒရစ်အသင်းမှ ဘရာဇီး တိုက်စစ်မှူး ရော်ဘင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

စပါးအသင်းသို့ ပြောင်းမည်ဆိုသော သတင်းများ ဘရာဇီး တိုက်စစ်မှူး ရော်ဘင်ဟို ငြင်းပယ်

လန်ဒန် ဖေဖော်ဝါရီ ၁၆

တော့တင်ဟမ်ဟော့စပါးအသင်းက မိမိအားခေါ်ယူ နိုင်ရန် ဆက်သွယ်ဆောင်ရွက်နေသည်ဆိုသော သတင်း များကို ဘရာဇီးလူမျိုး တိုက်စစ်မှူး ရော်ဘင်ဟိုက ယနေ့ ငြင်းပယ်လိုက်သည်။

ရော်ဘင်ဟိုသည် လောလောဆယ်တွင် ရီးယဲယ်မဒရစ် အသင်းတွင် ကစားနေပြီး ဘရာဇီးလက်ရွေးစင်အသင်း၏ အသင်းသား တစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်ရှိ လူငယ်ဘောလုံးသမားများအနက် အထူးချွန်ဆုံး ဘောလုံး သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသည်။

သို့ရာတွင် ရော်ဘင်ဟိုနှင့် ရီးယဲလ်မဒရစ်အသင်း၏ နည်းပြ ဖာဘီယိုကာပယ်လိုတို့၏ ဆက်ဆံရေးမှာ အဆင်မပြေဖြစ်နေသည်။ ကာပယ်လိုသည် မိမိအား ယုံကြည်မှု မရှိကြောင်း၊ မိမိအား အရန်ဘောလုံးသမား အဖြစ်သာ သဘောထားကြောင်း ရော်ဘင်ဟိုက မကြာသေး မီက ပြစ်တင်ဝေဖန်ခဲ့သည်။

စပါးအသင်းသည် မိမိအတွက် ဘောလုံးအသင်းကြီး မဟုတ်သဖြင့် ယင်းအသင်းတွင် ပါဝင်ကစားရန် ဆန္ဒမရှိ ကြောင်း ရော်ဘင်ဟိုက ပြောကြားသည်။ ***အင်တာနက်***

ဘလက်ဘန်းအသင်းနှင့် လက်မှတ်ရေးထိုးရန် ကွန်ဂိုတိုက်စစ်မှူး နွန်ဒါမျှော်လင့်

လန်ဒန် ဖေဖော်ဝါရီ ၁၆

မိမိသည် ဘလက်ဘန်းရိုဗာအသင်းနှင့် အမြဲတမ်းဘောလုံးသမားအဖြစ် သဘောတူညီချက် လက်မှတ်ရေးထိုး နိုင်မည်ဟု မျှော်လင့်ကြောင်း ကွန်ဂိုလူမျိုး တိုက်စစ်မှူး ရှာဘာနီနွန်ဒါက ယနေ့ပြောကြားသည်။

အသက် ၂၉နှစ် အရွယ်ရှိ နွန်ဒါ သည် အင်္ဂလန်ချစ်ချစ်ချပ်အရ စီးရီးအေ ဘောလုံးပြိုင်ပွဲ၏ အေအက်စ်ရိုးမား အသင်းမှ ဘလက်ဘန်းအသင်းသို့ ပြီးခဲ့သည့် နွေရာသီက ရောက်ရှိလာခဲ့ သည်။ နွန်ဒါသည် ယခုအချိန်အထိ ဘလက်ဘန်းအသင်းအတွက် ခြောက် ဂိုးသွင်းပေးခဲ့သည်။ ***အင်တာနက်***

ကွန်ဂို လူမျိုး တိုက်စစ်မှူး ရှာဘာနီနွန်ဒါ။
(ဓာတ်ပုံ-အင်တာနက်)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲ၊ လူရည်ချွန် လူရည်မွန် ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ၄ရက် နံနက် ၈နာရီက ဗဟန်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ် အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်က နှုတ်ခွန်း ဆက်စကား ပြောကြားပြီး အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ကြရာ ကန်တော့ခံ ပုဂ္ဂိုလ်တို့ကိုယ်စား ဦးခင်မောင်ဝင်းက ဩဝါဒနှင့် ဆုပေးစကားချီးမြှင့်သည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာ သင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူ အသင်းဝင်များ၏ သားသမီးများအား အသင်းနာယကကြီးများနှင့် အမှုဆောင် များက ဆုချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အဆင့်ဆုရ ပုဂ္ဂိုလ်များဖြစ်ကြသော "သီဟသုဓမ္မ သိင်္ဂီ ဘွဲ့ရ ဒေါ်ခိုင်ခိုင်ဦး၊ "စီမံထူးချွန် ပထမအဆင့်" ဆုရညွှန်ကြားရေးမှူးချုပ် ဦးရှုကြိမ်(အမျိုးသားစီမံကိန်းနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)မှူးယစ် ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် တေးသီချင်းပြိုင်ပွဲ ဆုရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးညွှန့် လှိုင် (ညွှန့်လှိုင်-ကွမ်းခြံကုန်း)၊ ဓာတု ဗေဒ ပါရဂူဘွဲ့ရ မြိတ်တက္ကသိုလ်မှ ကထိက ဒေါ်ချိုချိုငြိမ်းတို့အား စွမ်းအင် ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ အသင်းနာယကများနှင့် ဥက္ကဋ္ဌတို့က ဆုတံဆိပ်နှင့် ငွေသားတို့ကို ချီးမြှင့်သည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် ဒေသ ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက် ကျင်းပပြီး အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင် ဒေါ်သန့်ဇင်နှင့် ဒေါ်ယဉ်ယဉ်စိုးတို့က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကြိုင်မြင့် (ဝါမိုးအောင် စာပေ)ကလည်းကောင်း ဖတ်ကြား သည်။ (က-ပ)

ပြည်တွင်းသတင်းမှတ်စု

လှိုင်လင်–လှိုင်မုံမိုင်း ကျေးလက်ကျောက်ချောလမ်းဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်ခရိုင် လှိုင်လင်မြို့ လှိုင်လင်–လှိုင်မုံမိုင်း ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀နာရီတွင် အဆိုပါလမ်းထိပ် မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ ကျေးလက်ကျောက်ချောလမ်းကို ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်လျက်ရှိကြောင်း သိရသည်။

တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပေါင်မြို့ အထက ရွှေရတုခန်းမတွင် ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ဆုရအသင်းဝင် ကျောင်းသား၊ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် အလုပ်အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

အသက်(၇၅)နှစ်ပြည့် ထောက်ပံ့ငွေပေးအပ်

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်ပြည့် ထောက်ပံ့ငွေပေးအပ်ပွဲကို တောင်ကြီးမြို့ အေးသာယာရှိ တောင်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ဖေဖော်ဝါရီ ၈ ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)က အမှာစကားပြောကြားပြီး ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေရရှိသူ ၁၅ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ စီဖြင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

လှိုင်သာယာတွင် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် လှိုင်သာယာမြို့နယ် ဝဇီယာ(၂) ရုပ်ရှင်ရုံခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ မစန်းစန်းလှိုင်၊ ဒုတိယ မယဉ်မင်းအေးနှင့် တတိယမရွှေစင်မြင့်တို့က ဆုရရှိကြပြီး ဆုများကို ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဇနီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်ခင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုယဉ်တို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ဗဟိုလမ်းနေ ဦးစိုးပိုင်–ဒေါ်သင်းသင်းမြင့်၊ သား မောင်ထိန်လင်းအောင်မိသားစုတို့က အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဇနက(ထီးချိုင့်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့နယ် သဒ္ဓမ္မဇောတိကာရုံ ရွှေကျင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒက၏ သက်တော်(၄၆)နှစ်ပြည့် မွေးနေ့အဖြစ် ဆရာတော်နှင့် အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော ဘုရားကုန်းကျေးရွာ အောင်စေသီရိလမ်း အောင်စည်သံရှန်းကွန်ကရစ်တံတားအမှတ်(၁)နှင့် (၂)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ ကျေးရွာဥက္ကဋ္ဌ ဦးစန်းမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၅၂၇)

ရန်ကင်းမြို့နယ် ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူအတွက် မရမ်းကုန်း(၉)မိုင် အေဝမ်းခြံလမ်းနေ မိဘနှစ်ပါးဖြစ်သော ဦးသိန်းဖေ–ဒေါ်နုနှင့် အစ်မကြီးဒေါ်တင်ဦးတို့အားရည်စူး၍ ဒေါ်လှသန်း၊ ဦးအောင်ကြည်၊ ဦးသောင်းထွန်း၊ ဒေါ်တင်ယုံ မိသားစုတို့က အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်လန်းရပ်ကွက်ရှိ အဘယသုတာရာမစာသင်တိုက် ပရဝဏ်အတွင်း ငွေကျပ်သိန်းတစ်ထောင်ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ အလှူရှင်(ဦးဘစိုး–ဒေါ်နှင်းဆီ)အား ရည်စူး၍ မော်လမြိုင်မြို့ ဒေါ်လန်းရပ်ကွက်နေ သမီး မသန်းသန်းစိုး မိသားစုက ငွေကျပ် ၁၆သိန်း ပေးအပ်လှူဒါန်းရာ လေးထပ်ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဝင် ဦးငြိမ်းမောင် လက်ခံယူစဉ်။ (က–ပ)

မီးလောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံသတင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဇန်နဝါရီ ၁၂ ရက်ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသောမီးလောင်မှုဖြစ်ပွားသည့်သတင်း၌ မီးစတင်လောင်ကျွမ်းသည့်အခန်းအား ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်း ငြိမ်းချမ်းရေးရပ်ကွက် ထီးတန်းလမ်းမကြီး တိုက်အမှတ်(၇) ခြောက်ထပ်နေ ဒေါ်အေးသန်း၏အခန်းဟုဖော်ပြခဲ့သော်လည်း ထပ်မံရရှိသောသတင်းများအရ တိုက်အမှတ်(၇) ပဥ္စမထပ်နေ ဒေါ်အေးသန်း၏အခန်းမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှပေးစာ

တရားမဝင် ဆိုင်ကယ်နှင့် စက်ဘီးကယ်ရီများ တားဆီးပေးပါ

စာတည်းခင်ဗျား–

သန်လျင်မြို့တွင် တရားဝင် လိုင်စင်ဆောင်ထားသော မြင်းလှည်းယာဉ် ၁၁၆ စီးနှင့် ဆိုက်ကားယာဉ် အစီး ၃၆၀ ရှိပါသည်။

ယခုအခါ တရားမဝင် ဆိုင်ကယ်ကယ်ရီနှင့် စက်ဘီးကယ်ရီများသည် မြို့မဈေးကြီးပတ်လည်တွင် တရားဝင်ဂိတ်သဖွယ် လမ်းမပေါ်၌ ရပ်လျက် ခရီးသည်များအား ခေါ်ယူခြင်း၊ ကုန်များ တင်ဆောင်ပြေးဆွဲခြင်းများ ပြုလုပ်နေပါသည်။

သို့ဖြစ်ပါ၍ တရားမဝင် ဆိုင်ကယ်နှင့် စက်ဘီးကယ်ရီများအား ကြပ်မတ်တားဆီးပေးပါရန် တင်ပြအပ်ပါသည်။ **အနေးယာဉ်ပြေးဆွဲနေသူများ**

စည်းကမ်းတကျအမှိုက်စွန့်ပစ်ရေး ဆောင်ရွက်ပြီး

၃–၇–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့နယ် ဝေ့ကုန်းကျေးရွာနှင့် နောင်ခရီရွာအကြား ဈေးဆိုင်များ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများပိတ်ဆို့နေကြောင်း ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

စနစ်တကျဈေးရောင်းချရေး ကြပ်မတ်ဆောင်ရွက်ပေးပြီး

၁၀–၂–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ညောင်လေးပင်မြို့ ဈေးအနောက်လမ်းတစ်လျှောက် ကျူးကျော်ဈေးရောင်းချနေခြင်းအား ကြပ်မတ်ပေးရေးပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

(၅၆)လမ်းမှ သံပန်းသံတံခါးလုပ်ငန်း စိစစ်ဆောင်ရွက်ပေးစေလို

စာတည်းရှင့်–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းတွင် သံပန်းသံတံခါးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်ရှိ အိမ်များ၌ လျှပ်စစ်မီးအား အတက်အကျ ဖြစ်နေပါသဖြင့် ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်များ မကြာခဏ ပျက်စီးနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၅၆)လမ်းသူများ

ရပ်ကွက်ရေမလာ လချီကြာ

စာတည်းရှင့်–

မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက်တွင် အိမ်ခြေပေါင်း ၁၀၀၀ ကျော်ရှိပြီး ရေတွင်း၊ အဝီစိတွင်းတူး၍ မရသော မြေမျိုးဖြစ်သဖြင့် ပိုက်ရေကိုသာ အားထားနေကြရပါသည်။ ရေပေးသောပိုက်ကြီး ပျက်စီးနေသဖြင့် ရေလုံးဝမလာသည်မှာ လနှင့်ချီ၍ ကြာနေပြီဖြစ်ပါသည်။

ယခုအခါ ရေတစ်စည်ကျပ် ၅၀၀ ဖြင့် ဝယ်ယူသုံးစွဲနေရသောကြောင့် ပိုက်မှရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သီရိမင်္ဂလာ ရပ်ကွက်သူများ

သွား၊မေးရိုးနှင့်ခံတွင်း သင်ကြားရေးဆေးရုံသို့ ယာဉ်လိုင်းပြေးဆွဲပေးပါ

စာတည်းရှင့်–

၁၀မိုင်၊ ၉မိုင်၊ ကမ္ဘာအေး ဘုရားလမ်းဘက်မှလာသော လိုင်းကားများသည် သဃ်န်းကျွန်း စံပြဈေး၊ ဘုရားလမ်းဘက်တွင်သာ ဂိတ်ဆုံးသဖြင့် သွား၊ မေးရိုးနှင့်ခံတွင်း သင်ကြားရေးဆေးရုံသို့ သွားလိုသော ပြည်သူများ အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ ၁၀မိုင်၊ ၈မိုင်၊ ချော်တွင်းကုန်း၊ ဘေလီ၊ မြင်သာ၊ စံပြဈေး ခုံတံတားပေါ်မှ ဖြတ်ကာ သုဝဏ္ဏသို့သွားသော ယာဉ်လိုင်းများ စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်များ**

တရားမဝင် သစ်ပင်ခုတ်လှဲမှု တားဆီးပေးပါ

စာတည်းခင်ဗျား–

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှေ့ ရန်ကုန်–ပြည်လမ်းမကြီးအနောက်ဘက်တွင် သာခုကန် ရေဝေရေလဲ သစ်တောစိုက်ခင်းများကို စနစ်တကျ ထိန်းသိမ်းထားသော်လည်း တရားမဝင် သစ်ပင် ခုတ်လှဲထုတ်ယူမှုများ လုပ်ကိုင်လျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်သည်။ **သစ်တောချစ်သူ**

စက်ရုံရေဆိုးနဲ့ ပတ်ဝန်းကျင်နံစော်

စာတည်းခင်ဗျား–

ဟင်္သာတမြို့ ကုန်းကြီးရပ်ကွက် နတ်မော်လမ်းရှိ ခြံတစ်ခြံတွင် ကပ်စေးနဲစက်ရုံ တစ်ရုံရှိရာ ၎င်းစက်ရုံမှ ထုတ်လွှတ်သော ရေဆိုးအနံ့ကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်ခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများအတွက် တင်ဒါပေးသွင်းမှုကို ၁၉–၂–၂၀၀၇ ရက် ၁၆း၃၀နာရီတွင် ပိတ်မည်ဖြစ်ကြောင်း၊ ၉–၂–၂၀၀၇ရက်မှ ၁၁–၂–၂၀၀၇ရက်နေ့အထိ နေ့စဉ် ထုတ်ဝေသည့် သတင်းစာများတွင် ကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများအတွက် တင်ဒါပိတ်ရက်ကို ၁၉–၂–၂၀၀၇ရက် ၁၆း၃၀နာရီအစား ၂၆–၂–၂၀၀၇ရက် ၁၆း၃၀နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း–၀၁–၅၃၇၆၈၅
၀၆၇–၄၁၂၃၂၇

အလက(၁)မော်လမြိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း (ယခင်ရခိုင်စုအလက) ဒုတိယအကြိမ်မြောက် အာစရိယမြတ်ဆရာကန်တော့ပွဲကို မတ် ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုသော ကျောင်းသားဟောင်းများသည် ရန်ကုန်မြို့ ဦးဟန်တင် ဖုန်း–၀၉–၅၁၀၁၇၃၈၊ ၀၁–၃၈၅၉၈၆၊ ၀၁–၃၉၁၃၈၀၊ ကိုထွေးနိုင် ဖုန်း–၀၉–၉၉၂၅၁၉၃၊ မော်လမြိုင်မြို့ (ကျောင်းအုပ်ကြီး အလက–၁)ဖုန်း–၀၅၇–၂၁၄၅၈၊ ကိုအောင်မြင့်ကျော် ဖုန်း–၀၅၇–၂၅၄၁၉၊ မင်းဟန်စိုး ဖုန်း–၀၅၇–၂၄၃၃၉၊ ကိုကျော်ဝင်း ဖုန်း–၀၅၇–၂၂၃၃၉၊ ၀၅၇–၂၆၀၅၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး တနင်္ဂနွေနေ့ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ အလက(၁) ကျောင်းတွင် အလှူခံ ဖွင့်လှစ်ထားသည်။ (က–ပ)

အောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မဟိတ စာမေးပွဲကြီး၏ (၂၆) ကြိမ်မြောက် အောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနား ပူဇော်ပွဲကို မဟာဓမ္မရံသီ အိမ်တော်ရာစေတီ၊ ရတနာဗိမာန်တော်၊ အိမ်တော်ရာ ဘုရားဝင်းတွင် ဖေဖော်ဝါရီ၁၈ရက် (တနင်္ဂနွေနေ့)နံနက်၁၀ နာရီမှ မွန်းတည့်၁၂ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။(က–ပ)

အဆိုဝါသနာရှင်များ၏ အမည်စာရင်း

" အိပ်မက်ကမ္ဘာ VCD ALBUM "အတွက် (၁၁၊၂၊၂၀၀၇) ရက်နေ့တွင် M3 Food Centre ၌ ဒုတိယအဆင့်သီဆိုယှဉ်ပြိုင်ခဲ့သော အဆိုဝါသနာရှင်များအနက်မှ ထပ်မံရွေးချယ်ခံရသော (၂၀) ဦး၏ အမည်စာရင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်။

Sr No.	အမည်	Sr No.	အမည်
၆။	မောင်ဇာနည်တင့်ဝေ	၅၁။	မကေရီ
၈။	မောင်ဥက္ကာနိုင်	၅၆။	မရဲနော်နော်
၁၀။	မောင်ကောင်းနန္ဒ	၅၇။	မဘေးဘီ(ခ)နော်စင်သီယာ
၁၁။	မောင်ယောဆာဘတ်	၆၃။	မသင်းသီရိထွန်း
၁၂။	မောင်ကျော်မောင်မောင်ဦး	၆၄။	မမိုးမိုးဦး
၁၇။	မောင်ရဲခေါင်	၆၇။	မဝင်းမာမြင့်
၁၈။	မောင်လွင်မောင်မောင်	၆၈။	မခိုင်ဝတ်ရည်
၂၀။	မောင်ကောင်းကောင်း	၇၂။	မနော်ချိုငြိမ်းအေး
၂၉။	မောင်ကိုကို	၇၉။	မခင်ပြည့်စုံဝင်း
၃၄။	မောင်အောင်သီဟ	၈၄။	မဝတ်ရည်ဇော်မင်း

အထက်ပါအမည်စာရင်းတွင်ပါဝင်သည့် အဆိုဝါသနာရှင် (၂၀)ဦး သည် (၂၇၊၂၊၂၀၀၇)ရက်နေ့ ညနေ (၆း၃၀)နာရီတွင် Dusit Inya Lake Hotel ၌ ကျင်းပပြုလုပ်မည့် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

sponser by
MAMEE

ဆက်သွယ်ရန် ။ ။ စင်ဆော် ကြော်ငြာလုပ်ငန်း ၊ အမှတ် ၆(ဘေ) မြေနီကုန်းလဟာ၊ ဟာဇရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ၊ ဖုန်း - ၀၁-၅၀၉၉၃၃

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မောင်ဝင်းသီဟဇော် B.A (Philosophy)
နှင့်
မရီရီမေ(ခ)စန်းမေ

တို့၏ ၉–၂–၂၀၀၇ရက် (သောကြာနေ့) ရန်ကုန်မြို့ တရားရုံးချုပ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၁၀–၂–၂၀၀၇ရက် (စနေနေ့)၌ ရန်ကုန်မြို့၊ Yuzana Garden Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအတွက် ကူညီဆောင်ရွက်ပေးသော ဦးမိုးကျော်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးသော Computer Graphic Design ဓာတ်ပုံနှင့် ပန်းချီဆရာကြီး ဦးမောင်မောင်လှမြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းမြင့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ကုံးချီးမြှင့်ပေးသောဦးအာဝါ(မန်နေဂျင်းဒါရိုက်တာ၊ စံပြရွှေငါး ကုမ္ပဏီလီမိတက်)နှင့်ဇနီး ဒေါ်စမ်းစမ်းမော်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကို ကိုင်ဆောင်ပေးသော ညီမငယ် မမေဇင်ဦး၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကို ကိုင်ဆောင်ပေးသော မလွင်လွင်မော်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မလဲ့လဲ့ဝင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် မခင်စန်းဝင်း၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ပေးသော ကိုသန်းအောင်၊ ကိုကျော်ကျော်မြင့်ထူးနှင့် ကိုမောင်တိုး၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးသော ကိုကျော်မိုးလွင် ဦးစီးသည့် ယွန်းဗီဒီယို ရိုက်ကူးရေးအဖွဲ့၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ မင်္ဂလာလက်ထပ်ပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော Nice Fare Travel Co.Ltd,၊ ယုဇနလက်ဖက်၊ သူငယ်ချင်းများ၊ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းသီဟဇော်–မရီရီမေ(ခ)စန်းမေ

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၉၂
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

ဟိုင်းမင်း စက်မှုလက်မှု

အလုပ်ရုံခွဲ၊ ဆိုင်ခွဲမရှိပါ

- အမှုန့်ကြိတ်စက်
- ဆားကြိတ်စက်
- ဆားခါစက်
- အစာမွှေစက်
- ငါးမှုန့်လှော်စက်
- အစာတောင့်ညှစ်စက်
- ပလတ်စတစ်ကြိတ်ခွဲစက်
- ပရဆေးကြိတ်စက်
- ဆေးမွှေစက်
- မီးသွေးတောင့်ညှစ်စက်
- မုန့်ရည်ကြိတ်စက်
- အုန်းနို့ညှစ်စက်
- အုန်းသီးခြစ်စက်
- ဖွဲကြိတ်စက်
- ကြက်စာစက်
- ငါးပိကြိတ်စက်နှင့် အခြားစက်အမျိုးမျိုး ပြုလုပ်ပေးပါသည်။

အမှတ် (၉၅)၊ သူရလမ်းနှင့်သစ္စာလမ်းထောင့်၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၁–၅၇၇၇၈၀၂

ရှောင်လေဝေးဝေး မူးယစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်နှင့်ပတ်သက်၍ စုံစမ်း/မေးမြန်း/သတင်းပေး/တိုင်ကြားနိုင်ရန်အတွက် အောက်ပါအတိုင်း တယ်လီဖုန်းနံပါတ်များ တပ်ဆင်ထားရှိပါသည်။

စဉ်	ပြည်နယ်/တိုင်း	ရုံးဌာနများ	ဧရိယာကုတ်	တယ်လီဖုန်းနံပါတ်
၁။	နေပြည်တော်	(၁) အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဝန်ကြီးရုံး	၀၆၇	၄၁၀၆၆၆
		(၂) ပျဉ်းမနား	၀၆၇	၂၃၆၆၆
၂။	ကချင်ပြည်နယ်	(၃) မြစ်ကြီးနား	၀၇၄	၂၄၆၆၆
		(၄) မိုးကောင်း	၀၇၄	၄၀၆၆၆
၃။	ကယားပြည်နယ်	(၅) လွိုင်ကော်	၀၈၃	၂၂၆၆၆
၄။	ကရင်ပြည်နယ်	(၆) ဘားအံ	၀၅၈	၂၂၆၆၆
၅။	ချင်းပြည်နယ်	(၇) ဟားခါး	၀၇၀	၂၂၆၆၆
၆။	စစ်ကိုင်းတိုင်း	(၈) မုံရွာ	၀၇၁	၂၄၆၆၆
		(၉) စစ်ကိုင်း	၀၇၂	၂၂၆၆၆
		(၁၀) ရွှေဘို	၀၇၅	၂၂၆၆၆
		(၁၁) တမူး	၀၇၃	၄၀၆၆၆
၇။	တနင်္သာရီတိုင်း	(၁၂) မြိတ်	၀၅၉	၄၂၆၆၆
၈။	ပဲခူးတိုင်း(အရှေ့ပိုင်း)	(၁၃) ပဲခူး	၀၅၂	၂၄၆၆၆
		(၁၄) တောင်ငူ	၀၅၄	၂၆၆၆၆
၉။	ပဲခူးတိုင်း(အနောက်ပိုင်း)	(၁၅) ပြည်	၀၅၃	၂၆၆၆၆
		(၁၆) သာယာဝတီ	၀၅၅	၃၀၆၆၆
၁၀။	မကွေးတိုင်း	(၁၇) မကွေး	၀၆၃	၂၄၆၆၆
		(၁၈) မင်းဘူး	၀၆၅	၂၁၆၆၆
		(၁၉) ရေနံချောင်း	၀၆၀	၂၂၆၆၆
		(၂၀) ချောက်	၀၆၁	၂၂၆၆၆
		(၂၁) သရက်	၀၆၈	၂၁၆၆၆
		(၂၂) အောင်လံ	၀၆၉	၂၂၆၆၆
		(၂၃) ပခုက္ကူ	၀၆၂	၂၃၆၆၆
၁၁။	မန္တလေးတိုင်း	(၂၄) မန္တလေး(တိုင်းရုံး)	၀၂	၆၅၆၆၆
		(၂၅) မန္တလေး(ခရိုင်ရုံး)	၀၂	၇၃၆၆၆
		(၂၆) ပြင်ဦးလွင်	၀၈၅	၂၁၆၆၆
		(၂၇) မိုးကုတ်	၀၉	၆၉၇၂၆၆၆
		(၂၈) ကျောက်ဆည်	၀၆၆	၅၀၆၆၆
		(၂၉) ကျောက်ပန်းတောင်း	၀၆၁	၅၀၆၆၆
		(၃၀) မိတ္ထီလာ	၀၆၄	၂၅၆၆၆
၁၂။	မွန်ပြည်နယ်	(၃၁) မော်လမြိုင်	၀၅၇	၂၆၆၆၆
၁၃။	ရခိုင်ပြည်နယ်	(၃၂) စစ်တွေ	၀၄၃	၂၄၆၆၆
၁၄။	ရန်ကုန်တိုင်း	(၃၃) ရန်ကုန်(တိုင်းရုံး)	၀၁	၂၁၅၆၆၆
		(၃၄) သန်လျင်	၀၅၆	၂၂၆၆၆
		(၃၅) သန်လျင်(ခရိုင်ရုံး)	၀၅၆	၂၁၆၆၆
		(၃၆) ကျောက်တန်း	၀၅၆	၂၅၆၆၆
		(၃၇) တွံတေး	၀၄၅	၅၀၆၆၆
		(၃၈) တိုက်ကြီး	၀၅၅	၂၀၆၆၆
		(၃၉) အင်းစိန်(ခရိုင်ရုံး)	၀၁	၆၄၄၆၆၆
		(၄၀) တာမွေ(ခရိုင်ရုံး)	၀၁	၅၅၉၆၆၆
		(၄၁) ကျောက်တံတား(ခရိုင်ရုံး)	၀၁	၃၈၉၆၆၆
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၄၂) တောင်ကြီး	၀၈၁	၂၅၆၆၆
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄၃) လားရှိုး	၀၈၂	၂၄၆၆၆
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၄၄) ကျိုင်းတုံ	၀၈၄	၂၂၆၆၆
၁၈။	ဧရာဝတီတိုင်း	(၄၅) ပုသိမ်	၀၄၂	၂၄၆၆၆
		(၄၆) ဖျာပုံ	၀၄၅	၄၁၆၆၆
		(၄၇) ခနုဖြူ	၀၄၆	၂၅၆၆၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စာသူကြီးမှ နယ်လှည့်ဈေးရောင်းပွဲ ကျေးဇူးတင်လွှာ

၁. ၂ . ၂၀၀၇ မှ ၇. ၂. ၂၀၀၇ နေ့ထိ **မုံရွာမြို့**တွင် ပြုလုပ်ခဲ့သည့် စာအုပ်ဈေးရောင်းပွဲတော်တွင် တစ်ခဲနက်ဝယ်ယူအားပေးခဲ့ကြသည့် မုံရွာမြို့မှ **စာဖတ်ပရိသတ်အပေါင်း**တို့အားလည်းကောင်း၊ ကူညီစီစဉ်ကျင်းပပေးခဲ့သည့် **ချင်းတွင်းအိမ်စာပေနှင့်** ပံ့ပိုးပေးခဲ့သော ရန်ကုန်မြို့မှ **အင်းဝစာအုပ်တိုက်**တို့အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

MANDALAY POWER TOOLS CENTRE

TS

ကျောက်စက်၊ ဖောက်စက်၊ ရွှေဘော်စက်၊
စက်ကော်ပတ်၊ ကြိုးထိုးစက်၊ ပေါလစ်တိုက်စက်၊ လွှစက်၊
ဖြတ်စက်အမျိုးအမျိုး လက်လီ၊ လက်ကားရောင်းဝယ်ရေး

အမှတ် (၉၂)၊ မြေညီထပ်၊ ဒေါ်သိန်းတင်လမ်း၊ ၈ရ–လမ်းထိပ်၊ ကန်တော်လေး၊ ရန်ကုန်မြို့။
ဖုန်း – နယ်(လက္ကား) ၀၁–၃၈၁၆၄၀၊ ရန်ကုန်(လက္ကား) ၀၁–၃၈၂၀၃၉၊ လက်လီ ၀၁–၂၄၉၉၉၁
E-mail: mdy-ts@myanmar.com.mm.
Website: www.mandalayelectronic.com

ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် အထူးဂရုပြုထိန်းသိမ်း နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက် မျှတစွာ စနစ်တကျ တူးဖော်လုပ်ကိုင်ရေး စီမံဆောင်ရွက် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လက်ဝယ်ရောက်ရှိအောင် ကြပ်မတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေး (၁/၂၀၀၇)ကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေး မှာကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၀၇)တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကယားပြည်နယ် ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လွိုင်ကော်လေဆိပ်တွင် ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ဖရူဆိုမြို့ အခြေခံပညာ အထက်တန်း ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၂-၂၀၀၇

မချမ်းဘော

၀ ဒသမ ၂၈ လက်မ

ပူတာအို

၀ ဒသမ ၂၃ လက်မ

စစ်တွေ

၀ ဒသမ ၂၀ လက်မ

ကျောက်ဆည်

၀ ဒသမ ၁၆ လက်မ